# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဩဂုတ်လ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၉)၊ ၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်၊ ၁၈-၁၂-၂၀၂၅၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ

## မြန်မာနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးက သံအမတ်ခန့်အပ်လွှာပေးအပ်

### နှစ်နိုင်ငံအကြား ခိုင်မာပြီး ရှည်လျားသည့် သံတမန်ဆက်ဆံမှုရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Azeddine BECHKA က ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံအကြား ခိုင်မာပြီး ရှည်လျားသည့် သံတမန်ဆက်ဆံမှုရှိသည့် အခြေအနေများ၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည့် အခြေအနေများ၊

စာမျက်နှာ ၃ သို့ ❑



**သံအမတ်ခန့်အပ်လွှာ ပေးအပ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Azeddine BECHKA က ၎င်း၏ သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၁၇

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

၀-၀-၀-၀-၀

၂၀၂၅ ခုနှစ် ၊ ဒီဇင်ဘာ ၁၈ ရက် ၊ ကြာသပတေးနေ့ ။
မန္တလေး နေ့စဉ်

# ကြိုတင်ပြင်ဆင် အောင်ပွဲဆီသို့

ကြိုတင်ပြင်ဆင်ခြင်းဟူသည် အောင်မြင်ခြင်း၏ မိတ်ဆွေဖြစ်သည်။ အောင်မြင်မှုကို ရယူလိုသူသည် ကြိုတင်ပြင်ဆင်ခြင်းဖြင့် အရင်းတည်ရ၏။ လူတိုင်းအတွက်"ကြိုတင်ပြင်မှ အောင်ပွဲရ"စကားပုံသည် အသက်တမျှ အရေးပါလှသည်။ စကားပုံ၏ အနက်အဓိပ္ပာယ်မှာ အမှုကိစ္စအဝဝကို ကြိုတင်ပြင်ဆင်မှုဖြင့် လုပ်ဆောင်လျှင် မုချအောင်မြင်မည်ဖြစ်သည်။ အငြိမ့်ပွဲ၊ ဇာတ်ပွဲများ ကျင်းပရာတွင်လည်း ပွဲမထွက်မီ အကြိမ်ကြိမ် အဖန်ဖန်လေ့ကျင့်ကြရသည်။ ထို့အတူ ရုပ်ရှင်နှင့်ပြဇာတ်များကို ရိုက်ကူးရာ၌လည်း အစမ်းသရုပ်ဆောင်ကြရသည်။ သို့မှသာ အောင်မြင်သော ရုပ်ရှင်ကားတစ်ကားဖြစ်လာမည်ဖြစ်သည်။ ဇာတ်တိုက်မထားသောပြဇာတ်သည် အဆင်ပြေမည်မဟုတ်ပါ။ ထို့ကြောင့်လည်း ရှေးလူကြီးများက "ပွဲမဝင်ခင် အပြင်ကကျင်းပ" ဟု ဆိုရိုးပြုခဲ့သည်။ ဆရာကောင်းတစ်ဦး ဖြစ်လိုလျှင် ပြင်၊ သင်၊ စစ် ဟူသော အက္ခရာတို့ကို စွဲကိုင်ထားရမည်ဖြစ်သည်။ ပြင်ဆင်ခြင်း၊ သင်ကြားခြင်း၊ စစ်ဆေးခြင်း ကောင်းမှသာ မြတ်ဆရာဖြစ်မည်။

ထို့အပြင် "အနာခံမှ အသာစံရ"ဟု ရှေးမြန်မာတို့ စကားပုံထား၍လည်းမှာကြားခဲ့သည်။ နေရိပ်ကိုလိုလျှင် နေပူကစောင့်ရပေလိမ့်မည်။ လောက၌ ပေးဆပ်ခြင်းမရှိလျှင် ရယူခြင်းကင်းပေလိမ့်မည်။ သို့ဖြစ်၍ အောင်ပန်းကိုလိုလျှင် ကြိုတင်ပြင်ဆင်ခြင်းတည်းဟူသော မျိုးစေ့ကို ကြဲသင့်သည်။ လေ့ကျင့်မှ ကျွမ်းကျင်သည်၊ ကျွမ်းကျင်မှ လိမ္မာသည်ပင်ဖြစ်သည်။ လေ့ကျင့်မှုနည်းသောကစားသမားသည် အဘယ်နည်းဖြင့် အောင်ပွဲကို ရရှိနိုင်လိမ့်မည်မဟုတ်ပါ။ အားကစားသမားတိုင်းသည် ကြိုတင်လေ့ကျင့်ခြင်းကို အဖော်ပြုမှ အောင်ပန်းဆွတ်ခူးနိုင်မည်။ ထိုကြောင့်လည်း အဓိလူမျိုးတို့က "ရေမတိုးမီ တံတားဆောက်ပါ"ဟု ဆိုရိုးပြုခဲ့ကြသည်။ ကချင်လူမျိုးတို့က "လယ်မလုပ်မီ ထွန်တုံးထွန်တံကို ပြင်ဆင်ထား"ဟု မှတ်ချက်ပြုခဲ့ကြသည်။ "လေ့ကမ်းမဆိုက်မီ တက်ဖြင့်ကြိုထိုးပါ"ဟု မွန်လူမျိုးတို့က တစ်ဖုံ၊ "ဝါးမရမီ ဓားရိုးခုတ်ထား၊ မိုးမကျမီ ခေါင်မိုးပြင်ထား"ဟု ကရင်လူမျိုးတို့က တစ်သွယ်သတိပေးခဲ့ပြန်သည်။

ကျောင်းသားများသည်လည်း စာသင်နှစ်စမှစကာ မှန်မှန်ကြိုးစားမှသာ စာမေးပွဲကို အောင်မြင်စွာဖြေဆိုနိုင်မည်ဖြစ်သည်။ ကြိုတင်ပြင်ဆင်မှ အောင်ပွဲဝင်မည်ဖြစ်သည်။ ပန်းချင်းတူသော်လည်း မဉ္ဇူသကနတ်ပန်းနှင့် မြက်ပန်းတို့၏ ဘဝကခြားနားလှသည်။ တောင်ချင်းတူသော်လည်း မြင်းမိုရ်တောင်နှင့် ခြတောင်ပို့တို့၏ အရွယ်အစားက ကွာဟလွန်း၏။ လူချင်းတူသော်လည်း ကြိုတင်ပြင်ဆင်မှုရှိသူနှင့်မရှိသူတို့ အောင်မြင်ခြင်းလည်းကွာခြားနေမည်ဖြစ်သည်။ ကြိုတင်ပြင်ဆင်မှုရှိသူသည် အောင်မြင်မှုလည်းရရှိပိုင်ဆိုင်မည်ဖြစ်သည်။

လူတိုင်းအတွက် ရခဲလှသော လူ့ဘဝတွင် အောင်မြင်မှုရရှိလိုပါက ကြိုတင်ပြင်ဆင်မှ အောင်ပွဲဆီသို့ ရောက်ရှိလာမည်ဖြစ်ရာ ယနေ့မှစတင်ကာ အချိန်ကိုတန်ဖိုးထား အောင်မြင်မှုကို ရယူပိုင်ဆိုင်ရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ ၈၆လမ်း၊ ၁၅လမ်းနှင့် ၁၆လမ်းကြားနှင့် အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ လေးစုဓမ္မာရုံ၊ အထက(၁) အနောက်ဘက်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို ဒီဇင်ဘာ ၁၈ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြားတွင် လည်းကောင်း၊ ဒီဇင်ဘာ ၁၉ ရက်တွင် ကရင်နှစ်သစ်ကူးနေ့ ရုံးပိတ်ရက် သက်သာဈေးရောင်းချခြင်းကို ရပ်နားထားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

## စားသုံးဆီဖြန့်ဖြူးခြင်းလုပ်ငန်းများ လေ့လာစောင့်ကြည့်သုတေသနအဖွဲ့၏ ကွင်းဆင်းတွေ့ဆုံပွဲ အခမ်းအနား ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၇**

စားသုံးဆီဖြန့်ဖြူးခြင်းလုပ်ငန်းများ လေ့လာစောင့်ကြည့်သုတေသနအဖွဲ့၏ ကွင်းဆင်းတွေ့ဆုံပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ရုံးခန်းမတွင် ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်း စားအုန်းဆီဖြန့်ဖြူးလျက်ရှိသော ကုမ္ပဏီများ၊ လက်ကားကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌတို့က စားသုံးဆီဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲတွင် တိုင်းဒေသကြီးအတွင်း၌ စားသုံးဆီဖြန့်ဖြူးနေသည့်လုပ်ငန်းစဉ်များ အပေါ် အားနည်းချက်၊ အားသာချက်တွေကို လေ့လာသုံးသပ်နိုင်ရန်နှင့် ဆီလုပ်ငန်းရှင်များအနေဖြင့် လိုအပ်ချက်နှင့် အခက်အခဲများရှိပါက တင်ပြဆွေးနွေးနိုင်ရန် ရည်ရွယ်ကာ ပြုလုပ်ရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ ဦးပိုင်ဖြိုးသန့်က ပြောသည်။

မန္တလေးတိုင်းဒေသကြီး အတွက် တစ်လလျှင် စားအုန်းဆီ တန်ချိန် ၆၅၅၀ ရရှိပြီး ကုမ္ပဏီ ၂၃ ခု၊ လက်ကားကိုယ်စားလှယ် ၅၂ ဦး၊ လက်လီဆိုင် ၇၂၇ ဆိုင်မှတစ်ဆင့် အိမ်ထောင်စုတစ်စုကို အနည်းဆုံး နှစ်ပိဿာနှုန်းရရှိအောင် စီမံဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ နိုင်ငံဝန်ထမ်းကိုးသောင်းကျော်ကိုလည်း တစ်ဦးလျှင် နှစ်ပိဿာနှုန်း ရောင်းချပေးခဲ့သည်ဟု မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

စားအုန်းဆီ တင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီအသီးသီးမှ တာဝန်ရှိသူများနှင့် လက်ကားကိုယ်စားလှယ်များက စားသုံးဆီဖြန့်ဖြူးမှုလုပ်ငန်းဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**

၀-၀-၀-၀-၀

၀-၀-၀

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဘော်လီဘောအားကစားပြိုင်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ရေနှင့်သန့်ရှင်းရေးဌာနမှ ကြီးမှူးကျင်းပသည့် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောအားကစားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်ကို ယနေ့နံနက် ၈ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဗထူးမိုးလုံလေလုံအားကစားကွင်းတွင် ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်းများနှင့် အမှုထမ်းများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်-၁(ကျား)တွင် ဈေးနှင့် သားသတ်ဌာနအသင်းနှင့် အခွန်ဌာနအသင်း၊ ပွဲစဉ်-၂(ကျား)တွင် စက်ရုံနှင့်မော်တော်ယာဉ်ဌာနအသင်းနှင့် ရေနှင့်သန့်ရှင်းရေးဌာနအသင်း၊ ပွဲစဉ်-၃(မ)တွင် ရေနှင့် သန့်ရှင်းရေးဌာနအသင်းနှင့် ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနအသင်း၊ ပွဲစဉ်-၄(မ)တွင် စက်ရုံနှင့်မော်တော်ယာဉ်ဌာနအသင်းနှင့် ဈေးနှင့်သားသတ်ဌာနအသင်း၊ ပွဲစဉ်-၅ (ကျား)တွင် အခွန်ဌာနအသင်းနှင့် ရေနှင့်သန့်ရှင်းရေးဌာနအသင်း၊ ပွဲစဉ်-၆(မ)တွင် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနအသင်း နှင့် ဈေးနှင့်သားသတ်ဌာနအသင်းတို့က ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဗိုလ်လုပွဲများကို ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။



(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၅)**

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)





❑ ရှေ့ဖုံးမှ

ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ခရီးသွားလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်သည့် အခြေအနေများနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများနှင့် မကြာမီကာလအတွင်း လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အဆိုပါသံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွေးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Azeddine BECHKA တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယား သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၁၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဟန္နိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယားသံအမတ်ကြီး H.E. Mr. Azeddine BECHKA အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားပြီး နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်နိုင်ရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ စွမ်းအင်၊ စိုက်ပျိုးရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် အလားအလာရှိသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံအဆင့်နှင့် နိုင်ငံတကာ မျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး H.E. Ms. Prabashini Ponnamperuma ကို လက်ခံတွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၁၇

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်သည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာ ဆိုရှယ်လစ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Prabashini Ponnamperuma အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

ထိုသို့တွေ့ဆုံစဉ် မြန်မာ-သီရိလင်္ကာနှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် ကောင်စစ်ရေးရာကိစ္စရပ်များအပါအဝင် ကဏ္ဍစုံတွင် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၇

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။ မိုး/ဇလ

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပူတာအိုမြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြား




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပူတာအိုမြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၇

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် ပူတာအိုမြို့သို့ ရောက်ရှိကြရာ လေဆိပ်တွင် ပူတာအိုခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကအလှများဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပူတာအိုခရိုင်/ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများအား တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့များနှင့် မြို့မိမြို့ဖများကို ပူတာအိုမြို့ရှိ ဖုန်ကန်ရာဇီခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ ပူတာအိုခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အတွင်းရှိ ဒေသဆိုင်ရာအချက်အလက်များ၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ချေးငွေများထုတ်ချေးထားရှိမှု၊ ဒေသအတွင်း ဆန်စပါးနှင့် ဆီဖူလုံမှုရှိစေရေး စီမံဆောင်ရွက်လျက်ရှိမှု၊ သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ခရိုင်အတွင်း MSME လုပ်ငန်းများဆောင်ရွက်နေမှု၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံရဝမ်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးခေါင်လန်ဒီးက ဒေသဝမ်းစာအတွက် ၂၀၂၄ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီချိန်တွင် မြစ်ကြီးနား-ပူတာအို လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် စားရေရိက္ခာများ၊ ဆေးဝါးများ၊ လယ်ယာသုံးစက်များ အသုံးပြုရန်အတွက် စက်သုံးဆီများကို တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးမှုအတွက် ကျေးဇူးတင်ရှိမှု၊ ပူတာအို၏အဓိကလမ်းမကြီးဖြစ်သည့် မြို့တွင်း ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ဆိုလာစနစ်သုံးလမ်းမီး တပ်ဆင်ပေးနိုင်ရန်နှင့် ဒေသအတွင်းအလုပ်သမားမှတ်ပုံတင်ကတ်ပြားနှင့် ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ရာတွင် အဆင်ပြေစေရန်အတွက် ပူတာအိုမြို့၌ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနများ လာရောက်ဖွင့်လှစ်ပေးနိုင်ရေးနှင့် ဒေသခံပြည်သူ ဦးမြင့်အောင်က မွေးမြူရေး လုပ်ငန်းများအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် တိရစ္ဆာန်အစာများ လုံလောက်စွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးစေလိုမှုတို့ကို တင်ပြကြသည်။

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရှင်းလင်းတင်ပြမှုများအပေါ် ပူတာအိုခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်၍ စပါးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးခြင်းထက် ရှိပြီး စိုက်ဧကများကို ပန်းတိုင်အထွက်နှုန်း ပြည့်မီရန်လိုကြောင်း၊ ၄၉ ဒသမ ၀၈ ရာခိုင်နှုန်းသာ ထွက်ရှိ၍ သတ်မှတ်ပန်းတိုင်အထွက်နှုန်းပြည့်မီရေး လိုအပ်သည့် ယူရီးယားသဘာဝဓာတ်မြေဩဇာနှင့် သွင်းအားစုများ ဖြည့်တင်းခြင်းနှင့် သတ်မှတ်ကောက်ကွက် ပြည့်မီအောင် စိုက်ပျိုးရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်၍ တောင်သူများ စိုက်ပျိုးရေး အသိပညာများရရှိရေး ဆောင်ရွက်သွားရန်၊ MSME ကဏ္ဍနှင့် ပတ်သက်၍ ခရိုင်အတွင်း စားကုန်၊ သောက်ကုန်၊ သုံးကုန်များ ဒေသအတွင်း ဖူလုံစွာ ထုတ်လုပ်သွားရန်၊ မဂွေဇ-ခေါင်လန်ဖူးလမ်းပေါ်ရှိ ဆန်းလွှတ်ချက်ရောက်ပြီး ၆ မိုင်အပိုင်းမှ ခေါင်လန်ဖူးအထိ အချို့နေရာများတွင် မြေပြိုလမ်းပိတ်ဆို့မှုများအား ပြည်သူများသွားလာရေး အဆင်ပြေစေရန်အတွက် ရှိသည့် စက်အင်အား၊ လူအင်အားတို့ တိုးမြှင့်၍ အမြန်ဆုံးရှင်းလင်းဆောင်ရွက်သွားရန်၊ ပူတာအိုမြို့ သောက်သုံးရေ ဖူလုံစွာရရှိမှုမှာ ၄၇ ရာခိုင်နှုန်းသာရှိသဖြင့် သောက်သုံးရေ ဖူလုံစွာရရှိရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း စီမံဆောင်ရွက်သွားရန်နှင့် ရေဝေရေလဲနေရာများ၌ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး ထိန်းသိမ်းသွားရန် ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးရန်နှင့် တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်း ဖြစ်ကြောင်း၊ ပူတာအိုဒေသမှ ဒေသခံ တိုင်းရင်းသား ပြည်သူများအနေဖြင့် ခေတ်အဆက်ဆက်၌ပင် တပ်မတော်နှင့် လက်တွဲကာ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အတူတကွ ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲမှလည်း များစွာအားထားသည့် ဒေသတစ်ခုဖြစ်ပါကြောင်း၊ မကြာမီကျင်းပတော့မည့် အထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ ပူတာအိုမြို့ရှိ သက်ဆိုင်ရာ တာဝန်ရှိသူများက ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားသည်ကို တွေ့ရှိရကြောင်း။

## ဒေသထွက်ကုန်ပစ္စည်း တိုးမြှင့်ထုတ်လုပ်

ပူတာအိုဒေသသည် ကချင်ပြည်နယ် ဝန်ကြီးချုပ်၏ ကြိုးပမ်းမှုဖြင့် ယခုစပါး ဖူလုံမှုရှိလာပြီဖြစ်ကြောင်း၊ စားသုံးဆီ ဖူလုံမှု အနည်းငယ်လိုအပ်ချက်ရှိသဖြင့် ဆက်လက်ကြိုးပမ်း၍ ဒေသအတွင်း ဖြစ်ထွန်းနိုင်မည့် ဆီထွက်သီးနှံများကို စိုက်ပျိုးကြရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေးကောင်းနေရန်လိုကြောင်း၊ သို့မှသာ ဒေသအတွင်း ကုန်စည်စီးဆင်းမှုရှိစေရေး ဒေသနှင့်ကိုက်ညီသည့် ထွက်ကုန်ပစ္စည်း တိုးမြှင့်ထုတ်လုပ်သွားရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ MSME ချေးငွေများဖြင့် ထုတ်ချေးပေးထားပြီးဖြစ်၍ စနစ်တကျ အကျိုးရှိစွာ စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များ အချင်းချင်း အသိပညာဖလှယ်ခြင်း၊ သက်ဆိုင်ရာ ဝန်ထမ်းများကလည်း စိတ်ပါဝင်စားစွာဖြင့် လုပ်ငန်းလုပ်ကိုင်လိုသူများကို တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အဓိကလိုအပ်သည်မှာ ငွေကြေးအရင်းအနှီးဖြစ်ကြောင်း၊ အရင်းအနှီးရရှိမှသာ ဆောင်ရွက်လိုသည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်မည် ဖြစ်ကြောင်း၊ ပူတာအိုဒေသတွင် ရှားပါးဆေးဖက်ဝင်ပစ္စည်းများ နိုင်ငံတကာအဆင့်မီ ဂရိတ်ဖုသီး၊ အမေရိကန်သံပရာသီး၊ ဝါရှင်တန်သီးများ ဖြစ်ထွန်းသည့်အပြင် အိမ်နီးချင်းနိုင်ငံသို့ တင်ပို့နိုင်သည့် ဟင်းခတ်အမွှေးအကြိုင် ရှာကော၊ ပါကော ထွက်ရှိရာဒေသဖြစ်၍ နားလည်တတ်ကျွမ်းသည့် ပညာရှင်များဖြင့် ပူးပေါင်းပြီး စနစ်တကျ ထုတ်လုပ်တင်ပို့နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ပြင် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်အချက်များကို တာဝန်ရှိသူများဖြင့် တိုင်ပင်ဆွေးနွေးတင်ပြရမည်ဖြစ်ကြောင်း။

ဆက်လက်၍ မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကိုလည်း သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ စာမျက်နှာ ၅ သို့

- ❑ ဒေသဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေးကောင်းနေရန်လို၊ ဒေသအတွင်း ကုန်စည်စီးဆင်းမှုရှိစေရေး ဒေသနှင့်ကိုက်ညီသည့် ထွက်ကုန်ပစ္စည်း တိုးမြှင့်ထုတ်လုပ်သွားရန်လို
- ● နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ MSME ချေးငွေများဖြင့် ထုတ်ချေးပေးထားပြီးဖြစ်၍ စနစ်တကျ အကျိုးရှိစွာ စီမံဆောင်ရွက်သွားရန်လို

◆ စာမျက်နှာ ၂၄ မှ

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတွင်တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တစ်ဦးချင်း လိုက်လံကြည့်ရှု၍ ဒဏ်ရာရရှိမှု၊ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသပေးထားမှု အခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှု အခြေအနေများအား ရင်းရင်းနှီးနှီး လိုက်လံမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနား မြို့ရှောင်လမ်းအတွင်း မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များကို လိုက်လံကြည့်ရှုစစ်ဆေးကာ အိမ်ထောင်သည် လိုင်းခန်းတွင် ရဲမေများနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများအား ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ရိပ်သာဧည့်ခန်းမ၌ ပြည်နယ်/ခရိုင်/မြို့နယ်များမှ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံ၍ ပြည်နယ်အတွင်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကချင်ပြည်နယ်ရှိ ပြည်နယ်/ ခရိုင်/ မြို့နယ်များမှ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံ၍ ပြည်နယ်အတွင်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားစဉ်။

တွေ့ဆုံစဉ် ကချင်ပြည်နယ်ပညာရေးမှူးက ပြည်နယ်အတွင်း ယခုနှစ် Grade-12 ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အောင်ချက်မြင့်မားရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က ဆွေးနွေးပြောကြားရာတွင် ယခုနှစ် ဖြေဆိုကြမည့် Grade-12 စာမေးပွဲနှင့် ပတ်သက်၍ ကချင်ပြည်နယ်၏ ယမန်နှစ် Grade-12 စာမေးပွဲအောင်ချက်ရာခိုင်နှုန်းနှင့် အဆင့်ထက် မလျော့ကျသွားအောင် ယခုနှစ် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများကို ထူးချွန်အောင်မြင်စေရန်နှင့် အောင်ချက်ရာခိုင်နှုန်း ဆက်လက်မြင့်မားစေရေး၊ တန်းစဉ်ကူးပြောင်းမှုနှင့် ပတ်သက်၍ အတန်းအလိုက် နှစ်စဉ် အပြည့်အဝ တန်းစဉ်ကူးပြောင်းနိုင်ရေး တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် မိဘများက အတူတကွဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်၊ ထို့ပြင် ဆရာ ဆရာမများအနေဖြင့်လည်း ကျောင်းသား ကျောင်းသူများကို စာပေပညာသင်ကြားပေးရာတွင် တန်းစဉ်အလိုက် စာကျေအောင်၊ စာတတ်အောင် လေ့ကျင့်သင်ကြားပေးကြရန်လိုကြောင်း မှာကြားပြီး လိုအပ်သည်များကို ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

စာမျက်နှာ ၄ မှ

ယခုရွေးကောက်ပွဲသည် တပ်မတော်က ဦးဆောင်ကျင်းပပြုလုပ်ခြင်း ဖြစ်သဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲကဲ့သို့ မဲမသမာမှုများ မဖြစ်ပေါ်စေရေး ဆောင်ရွက်ရန် စီမံထားပါကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်မှသာ လွှတ်တော်ကိုခေါ်ယူ၍ အသစ်ဖွဲ့စည်းမည့် အစိုးရအား နိုင်ငံတော်၏ တာဝန်များကို လွှဲပြောင်းပေးအပ်သွားနိုင်မည်ဖြစ်ကြောင်း၊ ယခုကျင်းပမည့် ရွေးကောက်ပွဲတွင် မဲမသမာမှုများပြုလုပ်၍ မရနိုင်သည့် ဒစ်ဂျစ်တယ်စနစ်ဖြင့် မဲပေးသည့်စနစ် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ယင်းစနစ်ကို နိုင်ငံပေါင်း ၃၄ နိုင်ငံက အသုံးပြု၍ ရွေးကောက်ပွဲများ ကျင်းပခဲ့ကြောင်း၊ အိမ်နီးချင်းနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် လူဦးရေ ၁ ဒသမ ၄၆ ဘီလီယံရှိပြီး မိမိနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများထက်ပင် ပို၍များပြားကြောင်း၊ ထိုသို့လူဦးရေများပြားသည့် အိန္ဒိယတွင်ပင် အသုံးပြုလျက်ရှိသည်ကို လေ့လာတွေ့ရှိရကြောင်း။

**မဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရေး**

မဲပေးပိုင်ခွင့်ရှိသူများအနေဖြင့် ပါတီစုံဒီမိုကရေစီလျှောက်လမ်းသည့် နိုင်ငံတွင် နေထိုင်သူများဖြစ်၍ ရွေးကောက်ပွဲတွင် မဲပေးရန် တစ်ဦးချင်းစီ၌ တာဝန်ရှိကြောင်း၊ လူငယ်များအနေဖြင့်လည်း နိုင်ငံတော်တာဝန်များကို တစ်ချိန်တွင် ဒီမိုကရေစီစနစ်နှင့်အညီ ပခုံးပြောင်းတာဝန် ထမ်းဆောင်ကြမည့်သူများ ဖြစ်သဖြင့် ယခုကျင်းပမည့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဖြစ်မနေ ပါဝင်၍ မဲပေးကြရမည်ဖြစ်ကြောင်း၊ အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ရှိသူများသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်သည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက မဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရေး ကျရာကဏ္ဍမှ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲပေးရာတွင်လည်း မဲပေးမည့် ကိုယ်စားလှယ်သည် တပ်မတော်နှင့် စိတ်တူကိုယ်တူ လက်တွဲဆောင်ရွက်နိုင်သည့်သူ၊ ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းလိုက်နာမည့်သူ၊ မိမိဒေသ ကောင်းကျိုး ဆောင်ရွက်နိုင်သူ၊ အကျင့်စာရိတ္တ ကောင်းမွန်သူ၊ ကျန်းမာကြံ့ခိုင်ပြီး အဖွဲ့အစည်းကို ဦးဆောင်ဦးရွက်ပြုလုပ်နိုင်သူများကို ရွေးချယ်၍ ဆန္ဒမဲများ ပေးနိုင်ရန်လိုကြောင်း။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပူတာအိုမြို့ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

**ပညာရေးကဏ္ဍ**
**အောင်ချက်ရာခိုင်နှုန်းမြင့်မားရေး**

ပညာရေးကဏ္ဍနှင့် ပတ်သက်၍ မြစ်ကြီးနားမြို့၏ ယမန်နှစ် Grade -12 အောင်ချက်ရာခိုင်နှုန်းကို အတုယူ၍ ပူတာအိုခရိုင်အတွင်း ၂၀၂၆ ခုနှစ် မတ်လတွင် ကျင်းပမည့် Grade -12 စာမေးပွဲတွင် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ စာမေးပွဲထူးချွန်စွာ အောင်မြင်ရန်နှင့် အောင်ချက်ရာခိုင်နှုန်း မြင့်မားအောင် တာဝန်ရှိသူများက ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဆရာ ဆရာမများအနေဖြင့် KG တန်းမှစ၍ Grade-12 အထိ ကျောင်းသားလူငယ်များ စာကျေအောင်၊ စာတတ်မြောက်အောင် သင်ကြားပေးရန်လိုကြောင်း၊ စာကျေစာတတ်မှသာ ၎င်းတို့၏ ဘဝတွင် အောင်မြင်မှုများရရှိနိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ မိမိဒေသအတွင်း ထူးချွန်သည့် ဆရာဝန်၊ အင်ဂျင်နီယာများ ကအစ ပညာတတ်လူသားအရင်းအမြစ်များစွာ ပေါ်ထွက်လာမည်ဖြစ်ပြီး မိမိဒေသအကျိုးအတွက် ပြန်လည်တာဝန်ထမ်းနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်း လူငယ်များ ကျောင်းစာသင်ကြားမှုနှင့် တန်းစဉ်ကူးပြောင်းရေးတွင် အားနည်းနေသေးသည့်အတွက် အစိုးရ၊ မိဘ၊ ကျောင်းသား ကျောင်းသူ၊ ရပ်မိရပ်ဖများ အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် စာပေဖတ်ရှုလေ့လာခြင်းများကိုလည်း အလေ့အထကောင်းတစ်ခုအဖြစ် ဖတ်မှတ်လေ့လာကြရန် ရှိပြီး စာကြည့်တိုက်များ ပိုမိုပြည့်စုံရန်လိုကြောင်း၊ ထိုသို့ စာပေဖတ်ရှုခြင်းအားဖြင့် အသိပညာ ဗဟုသုတများရရှိလာပြီး အမှားနှင့် အမှန်၊ အကောင်းနှင့်အဆိုးကို ခွဲခြားသိမြင်ပြီး တွေးခေါ်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း။

နိုင်ငံတော် အကြီးအကဲအနေဖြင့်လည်း ပူတာအိုဒေသအား ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အလေးထားကာ လိုအပ်သည်များ ကူညီပံ့ပိုးဖြည့်ဆည်းလျက်ရှိကြောင်း၊ ဒေသတွင်းရှိ တိုင်းရင်းသားပြည်သူများ၊ သစ္စာရှိ နိုင်ငံ့ဝန်ထမ်းအားလုံးအနေဖြင့် မိမိနေထိုင်ရာဒေသ၊ မိမိတာဝန်ထမ်းဆောင်ရာဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူက လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပူတာအိုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား

## နိုင်ငံတော်၏ လေထု၊ မြေထု၊ ရေထုများကို တစ်လက်မမျှ ကျူးကျော်မှုမရှိစေရေး ကာကွယ်ပေးရန်မှာ မိမိတို့တာဝန်ဖြစ်






နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပူတာအိုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၇

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ပူတာအိုမြို့ရှိ တပ်နယ်ခန်းမ၌ ပူတာအိုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပူတာအိုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် မိမိတို့တပ်မတော်သားများသည် သစ္စာ ၄ ချက်ကို နေ့စဉ်ရွတ်ဆိုနေကြသူများဖြစ်သည့်အတွက် သစ္စာ ၄ ချက်အပေါ်တွင် သစ္စာစောင့်သိ၊ သစ္စာရှိရန်လိုကြောင်း၊ မိမိနိုင်ငံအပေါ်၊ မိမိနိုင်ငံသားများအပေါ်၊ မိမိတပ်မတော်သားများအပေါ်တွင် သစ္စာစောင့်သိသွားကြရန် လိုကြောင်း၊ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကို ကာကွယ်ပေးရန်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ လေထု၊ မြေထု၊ ရေထုများကို တစ်လက်မမျှကျူးကျော်မှုမရှိစေရေး ကာကွယ်ပေးရန်မှာ မိမိတို့တာဝန်ဖြစ်ကြောင်း။

ထိုသို့ ကာကွယ်နိုင်ရန်အတွက် တပ်မတော်အနေဖြင့် အင်အားတောင့်တင်းပြီး စွမ်းရည်သုံးရပ်ပြည့်စုံနေရန်လိုကြောင်း၊ တစ်ဦးချင်း၏ တိုက်ပွဲဝင်စိတ်ဓာတ်ကို တုံးတိုက်တိုက်၊ ကျားကိုက်ကိုက်စိတ်ဓာတ်၊ လှေခွက်ချည်းကျန် အလံမလှဲသည့်စိတ်ဓာတ်တို့ဖြင့် သင်ယူထားသော စစ်ပညာများကို ကြံရည်ဖန်ရည်ဖြင့် အသုံးချနိုင်ရန် လိုအပ်ပြီး စစ်မြေပြင်တွင် တစ်ဦးချင်း၏ တိုက်ပွဲစွမ်းရည်ကို ဟန်ချက်ညီပေါင်းစပ်၍ အဖွဲ့အစည်း၏ တိုက်ပွဲစွမ်းရည်ကို မြှင့်တင်နိုင်ရန် လိုအပ်ကြောင်း။

ထိုသို့ ဆောင်ရွက်နိုင်ရန် လေ့ကျင့်သင်ကြားထားသည့်စစ်ပညာများကို ကျွမ်းကျင်အောင်လေ့ကျင့်နေရန်နှင့် ပြောင်းလဲတိုးတက်နေသည့် စစ်နည်းဗျူဟာများကိုလည်း အမြဲမပြတ်လေ့လာနေရန် လိုအပ်ကြောင်း၊ ကျန်းမာကြံ့ခိုင်မှ တိုက်ပွဲဝင်နိုင်မည်ဖြစ်သဖြင့် နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုများကိုလည်း အမြဲမပြတ် လုပ်ဆောင်သွားကြရန်လိုကြောင်း၊ လေ့ကျင့်သင်ကြားထားရှိသည့် စစ်အတတ်ပညာများ၊ စစ်နည်းဗျူဟာများကိုလည်း "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့် ဆောင်ပုဒ်အတိုင်း လိုက်နာဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့အကြိမ်ကြိမ်အဖန်ဖန်လေ့ကျင့်မှသာ ကျွမ်းကျင်မှုရှိ၍ မိမိကိုယ်ကိုယုံကြည်မှုရှိလာမည်ဖြစ်ပြီး တိုက်ပွဲဝင်သည့်အခါ ရဲစွမ်းသတ္တိများဖြင့် ရဲသုံးရဲဖြင့် အောင်ပွဲခံနိုင်မည်ဖြစ်ကြောင်း၊ လေ့ကျင့်ရာတွင်လည်း တစ်ဦးချင်းသာမက အဖွဲ့လိုက်ပါလေ့ကျင့်နိုင်ရေး တာဝန်ရှိသူများက စီမံဆောင်ရွက်ရန်လိုအပ်ပြီး အမြဲတမ်းလေ့ကျင့်ရမည်၊ အမြဲတမ်းစစ်ရေး သတိရှိရမည်၊ အမြဲတမ်း တိုက်ပွဲဝင်အသင့် ဖြစ်ရမည်ဆိုသည့် "မြဲ(၃)မြဲ"နှင့်အညီ ဆောင်ရွက်ရန် လိုအပ်ကြောင်း။

### သင့်လေးသင့်ကိုလိုက်နာ

အုပ်ချုပ်ရေးပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ တပ်ရင်း/တပ်ဖွဲ့တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ စားဝတ်နေရေး၊ သွားလာရေးနှင့် ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများကို တာဝန်ရှိသူများအနေဖြင့် ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန်၊ ညီညွတ်မျှတစွာ အုပ်ချုပ်ကွပ်ကဲကာ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရန်နှင့် ရသင့်ရထိုက်သည်များ မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်ဝဝရရှိအောင် ကြပ်မတ်ကွပ်ကဲခြင်းဖြင့် သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ အထက်နှင့်အောက် အပြန်အလှန် လေးစားယုံကြည်မှုရှိပြီး စိတ်အေးချမ်းသာစွာဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်ကာကွယ်ဦးစီးချုပ်၏ အမြဲလမ်းညွှန်မှာကြားချက်ဖြစ်သည့် သင့်လေးသင့်ကို လိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများသည်နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာ ထမ်းရွက်နိုင်ရန်အတွက် တပ်တွင်း၊ တပ်ပြင် စည်းလုံးညီညွတ်ရေး ပြည့်ဝခိုင်မာနေရန် အထူးလိုအပ်ကြောင်း။

မကြာမီ ကျင်းပပြုလုပ်မည့် လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို တပ်မတော်က ဦးစီးကျင်းပသွားမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲကဲ့သို့ မဲမသမာမှုများမဖြစ်ပေါ်စေရေး အထူးဂရုပြုဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် မဲမသမာမှုများပြုလုပ်၍ မရနိုင်သည့် ဒစ်ဂျစ်တယ်ဖြင့် မဲပေးသည့်စနစ် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ယင်းစနစ်ကို နိုင်ငံတကာတွင်လည်း ရွေးကောက်ပွဲများတွင် အသုံးပြုနေသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ပြည်သူများ စိတ်အေးချမ်းစွာ ဆန္ဒမဲပေးနိုင်ရန်အတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးသည် အရေးကြီးသည့်အတွက် လုံခြုံရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနေပြည်သူ့စစ်အဖွဲ့များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်း၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း။

### ဦးဆောင်ဦးရွက်ပြုလုပ်နိုင်သူများကို ရွေးချယ်

မဲပေးရာတွင်လည်း မဲပေးမည့်ကိုယ်စားလှယ်သည် တပ်မတော်နှင့် စိတ်တူ ကိုယ်တူ လက်တွဲဆောင်ရွက်နိုင်သည့်သူ၊ ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းလိုက်နာမည့်သူ၊ မိမိဒေသကောင်းကျိုးဆောင်ရွက်နိုင်သူ၊ အကျင့်စာရိတ္တ ကောင်းမွန်သူ၊ ကျန်းမာကြံ့ခိုင်ပြီး အဖွဲ့အစည်းကို ဦးဆောင်ဦးရွက်ပြုလုပ်နိုင်သူများကို ရွေးချယ်၍ ဆန္ဒမဲများပေးနိုင်ရန်လိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ လက်ရှိလူဦးရေသည် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ ၅၁ သန်းကျော်ရှိပြီး လူဦးရေ ၅၁ သန်းတွင် ကျောင်းနေအရွယ်များကို ကြည့်မည်ဆိုပါက ကလေးငယ် ၁၀ ဦးလျှင် ၉ ဦးသည် ကျောင်းတက်လျက်ရှိကာ ၉၀ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ကျောင်းနေအရွယ် အသက် ၁၀ နှစ်မှ ၁၄ နှစ်တွင် ၉၄ ဒသမ ၈ ရာခိုင်နှုန်းတွေ့ရှိရကြောင်း၊ ကျောင်းနေအရွယ် အသက် ၁၅ နှစ်မှ ၁၉ နှစ် အခြေခံပညာအဆင့်တွင် ၄၅ ဒသမ ၃ ရာခိုင်နှုန်းရှိပြီး အသက် ၂၀ နှစ်မှ ၂၄ နှစ် တက္ကသိုလ်အဆင့်တွင် ၁၅ ရာခိုင်နှုန်းသာရှိသည်ကို တွေ့ရှိရပြီး အသက် ၂၅ နှစ် အထက်တွင် မရှိသလောက် နည်းပါးကြောင်း၊ တန်းစဉ်ကူးပြောင်းမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် များစွာအားနည်းမှုရှိနေသည့်အတွက် မိမိတို့တပ်နယ်အတွင်း မိသားစုဝင်များ၏ သားသမီးများ တန်းစဉ်ကူးပြောင်းမှုတွင် အားလုံးပါဝင်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်နှင့် ၂၀၂၆ ခုနှစ် မတ်လတွင် ကျင်းပတော့မည့် Grade-12 စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် တပ်နယ်မှ ကျောင်းသား ကျောင်းသူများ ထူးချွန်စွာအောင်မြင်စေရေး တာဝန်ရှိသူများနှင့် မိဘများအနေဖြင့် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ၊ ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

☆ **မဲပေးရာတွင်လည်း မဲပေးမည့်ကိုယ်စားလှယ်သည် တပ်မတော်နှင့် စိတ်တူကိုယ်တူ လက်တွဲဆောင်ရွက်နိုင်သည့်သူ၊ ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းလိုက်နာမည့်သူ၊ မိမိဒေသကောင်းကျိုးဆောင်ရွက်နိုင်သူ၊ အကျင့်စာရိတ္တကောင်းမွန်သူ၊ ကျန်းမာကြံ့ခိုင်ပြီး အဖွဲ့အစည်းကို ဦးဆောင်ဦးရွက်ပြုလုပ်နိုင်သူများကို ရွေးချယ်၍ ဆန္ဒမဲများပေးနိုင်ရန်လို**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်

၁၀

ရက်

သာ လိုတော့သည်။

## မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် ၂၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်

နေပြည်တော် ဒီဇင်ဘာ ၁၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် (၂၀၀ ကျပ်တန်) အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် (၁) မျိုး အား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ (၂၁) ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း (၃) ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည် တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေး စာတိုက်ကြီးတို့တွင် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ (၂၁) ရက် (တနင်္ဂနွေနေ့) တွင် ဝယ်ယူသော စာပို့တံဆိပ်




ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာရန် မဲစာရင်းများ မှန်ကန်မှုရှိစေရေး တိုက်ဆိုင်စိစစ်

**မန္တလေး ဒီဇင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်အတွင်းရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာရာတွင် မဲစာရင်းများ မှန်ကန်မှုရှိစေရန် တိုက်ဆိုင်စိစစ်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။



မဟာအောင်မြေမြို့နယ် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးတွင် တတိယအကြိမ် မဲစာရင်းကြေညာရာတွင် မဲစာရင်း မှန်ကန်ပြည့်စုံမှုရှိစေရေးအတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ CVLMS ဖြင့် စစ်ဆေးပြီးသော မဲစာရင်းများအား ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးဝင်းနှင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးရဲမင်းလွင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ရပ်ကွက်စာရေးများ၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများပူးပေါင်း၍ ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ၂၀၂၅ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် တတိယအကြိမ် မဲစာရင်းကြေညာရာတွင် မဲစာရင်းများမှန်ကန်မှုရှိစေရေးအတွက် လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါစာရင်းများ တိုက်ဆိုင်စိစစ်ရာသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လင်းခိုင်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ကျော်နှင့် ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာရပ်ကွက်၊ စာရေးများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများပူးပေါင်း၍ တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာရာတွင် မဲစာရင်းမှန်ကန်မှုရှိစေရန်အတွက် တိုက်ဆိုင်စိစစ်ခြင်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

(ဝ၅၆)

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုလွှတ်တော်ရုံးမှ ဦးဇော်ဟိန်း အား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးထောင်ရှန်ကမ်း | ညွှန်ကြားရေးမှူးချုပ် ဝန်ကြီးရုံး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာ ဝင်းထွဋ် | ညွှန်ကြားရေးမှူးချုပ် ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန |

၂။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးစိုးမြင့်အောင် ကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

❖ စာမျက်နှာ ၂၄ မှ

သမိုင်းဝင်ဂုတ်ထိပ် တံတားကြီးအား လေ့လာကြည့်ရှုနိုင်ရန်၊ လမ်းခရီးရှိရေမြေတောတောင်သဘာဝရှုခင်းများ လေ့လာကြည့်ရှုနိုင်ရန်၊ ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် ချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့် ဒေသန္တရဗဟုသုတများ ရရှိစေရန်ရည်ရွယ်၍ ဇီးပင်ကြီး-ပြင်ဦးလွင် - ဇီးပင်ကြီးခရီးစဉ်အား ဘက်ထရီလျှပ်စစ်စက်ခေါင်း(BEL) အသုံးပြုပြီး အမှတ်(၁၃၁)အဆန် ဇီးပင်ကြီး-ပြင်ဦးလွင်၊ အမှတ်(၁၃၂)အစုန် ပြင်ဦးလွင်-ဇီးပင်ကြီး ရထားခရီးစဉ်နှင့် RBE ရထားဖြင့် ဂုတ်ထိပ်(၁)ပြင်ဦးလွင်-ဂုတ်ထိပ်၊ ဂုတ်ထိပ်(၂) ဂုတ်ထိပ်-ပြင်ဦးလွင် ရထားခရီးစဉ်များကို ဒီဇင်ဘာ ၁၉ ရက်မှစတင်၍ အပတ်စဉ် စနေ၊ တနင်္ဂနွေရက်များတွင် ပြေးဆွဲပေးမည်ဖြစ်သည်။

ဘက်ထရီ လျှပ်စစ်စက်ခေါင်းဖြင့် ပြေးဆွဲမည့် အမှတ်(၁၃၁)အဆန်ရထားသည် ဇီးပင်ကြီး ဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ ပြင်ဦးလွင်ဘူတာသို့ နံနက် ၇ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်ကာ ဂုတ်ထိပ်(၁) RBE ရထားသည် ပြင်ဦးလွင်ဘူတာမှ နံနက် ၈ နာရီတွင် ထွက်ခွာ၍ ဂုတ်ထိပ်ဘူတာသို့ နံနက် ၁၁ နာရီခွဲတွင်ရောက်ရှိရပ်နားပြီး ဂုတ်ထိပ်(၂) RBE ရထားသည် ဂုတ်ထိပ်ဘူတာမှ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ထွက်ခွာ၍ ပြင်ဦးလွင်ဘူတာသို့ ညနေ ၄ နာရီတွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

ပြင်ဦးလွင်မှ ဇီးပင်ကြီးသို့ ဆက်လက်လိုက်ပါလိုသည့် ခရီးသည်များအနေဖြင့် ပြင်ဦးလွင် ဘူတာမှ ညနေ ၄ နာရီ ၁၅ မိနစ်တွင် စတင်ထွက်ခွာမည့် အမှတ်(၁၃၂) အစုန် BEL ရထားဖြင့် ဆက်လက်လိုက်ပါနိုင်ပြီး ဇီးပင်ကြီးသို့ ညနေ ၆ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

ဇီးပင်ကြီး-ပြင်ဦးလွင်၊ ပြင်ဦးလွင်-ဇီးပင်ကြီး BEL ရထားခရီးစဉ်တွင် အထက်တန်းလူစီးတွဲတစ်တွဲ၊ ရိုးရိုးတန်းလူစီးတွဲနှစ်တွဲနှင့် ဘရိတ်တွဲတစ်တွဲပါရှိပြီး လက်မှတ်ခနှုန်းထားမှာ ဇီးပင်ကြီးမှ ပြင်ဦးလွင်အထိ ရိုးရိုးတန်း ကျပ် ၅၀၀၀ နှင့် အထက်တန်းကျပ် ၁၀၀၀၀ ဖြစ်သည်။

ပြင်ဦးလွင်-ဂုတ်ထိပ်၊ ဂုတ်ထိပ်-ပြင်ဦးလွင် RBE ရထားခရီးစဉ်တွင် ခရီးသည် ၄၀ လိုက်ပါစီးနင်းနိုင်မည်ဖြစ်ပြီးလက်မှတ်ခနှုန်းထားမှာ ပြင်ဦးလွင်မှ ဂုတ်ထိပ်အထိ ကျပ် ၁၅၀၀၀ ဖြစ်ပြီး လမ်းခရီးတွင် ပွဲကောက်၊ ဝက်ဝံ၊ ဆမ်ဆယ်၊ နောင်ချိုဘူတာများနှင့် ပြင်ဦးလွင် - ဇီးပင်ကြီးခရီးစဉ်၌ အနီးစခန်းနှင့် သုံးတောင်ဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်သည်။

နောင်တွင် အပတ်စဉ် စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များ၌ ပြေးဆွဲပေးသွားမည်ဖြစ်ပြီး အဆိုပါ ပြင်ဦးလွင်-ဂုတ်ထိပ် အသွား၊ အပြန်ခရီးစဉ်အတွက် ခရီးသွားကုမ္ပဏီများ (Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ RBE ရထား (တစ်စီးလုံး) ငှားရမ်းလိုပါက ၂၄ ဦး လိုက်ပါစီးနင်းနိုင်ပြီး အသွား၊ အပြန်ခရီးစဉ်အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ကျပ်ခုနစ်သိန်းနှစ်သောင်း ကျသင့်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

သတင်းစဉ်

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၀ လုံး ထပ်မံဖြိုချဖျက်ဆီး၊ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား မီးရှို့ဖျက်ဆီး

နေပြည်တော် ဒီဇင်ဘာ ၁၇

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်အဆောက်အအုံ ငါးလုံး၊ နှစ်ထပ်အဆောက်အအုံ နှစ်လုံးနှင့် တစ်ထပ်အဆောက်အအုံ သုံးလုံး စုစုပေါင်းတရားမဝင် အဆောက်အအုံ ၁၀ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၄၆၆ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင် ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှ စတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း တရားမဝင် လေးထပ်အဆောက်အအုံ တစ်လုံး၊ သုံးထပ်အဆောက်အအုံ နှစ်လုံး၊ နှစ်ထပ်အဆောက်အအုံ တစ်လုံးနှင့် တစ်ထပ်အဆောက်အအုံတစ်လုံး စုစုပေါင်းတရားမဝင် အဆောက်အအုံ ငါးလုံးကို ထပ်မံစစ်ဆေးနိုင်ခဲ့သည်။

ယင်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား ထပ်မံ၍ အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက်ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေ အပိုင်း(၃) ဖောက်ခွဲဖျက်ဆီးမှုအား တွေ့မြင်ရပုံ။



KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် သုံးထပ် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးပုံ။

သတင်းစဉ်

# ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပန်စင်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းများလုပ်ကိုင်နေသူများအား လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၁၇

နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါဒုစရိုက်မှုနှိမ်နင်းရေးလုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပန်စင်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ အခြေပြုလုပ်ကိုင်နေသည်ဟု တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့တွင် အဆိုပါနေရာအနီးတစ်ဝိုက်သို့ လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်နိုင်ရန် သွားရောက်ခဲ့သည်။


ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပန်စင်ကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်နေကြသူများ၊ ၎င်းတို့အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်လက်နက်၊ ခဲယမ်းများအား သိမ်းဆည်းရမိစဉ်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါနေရာအနီးတစ်ဝိုက်သို့ နံနက် ၉ နာရီခွဲခန့်တွင် ရောက်ရှိစစ်ဆေးစဉ် မိုးကာတဲအစုအဖွဲ့များအတွင်းရှိ လက်နက်ကိုင်နှစ်ဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များအား စတင်ပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရသည်။ ပစ်ခတ်မှုများရပ်တန့်သွားချိန်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနေရာကို ဝင်ရောက်ရှင်းလင်းခဲ့ရာ SSPP/SSA တပ်ဖွဲ့ဝင်သုံးဦးအား AK-47 တစ်လက်၊ M-22 တစ်လက်၊ MK-12 တစ်လက်၊ ပွိုင့်-၂၂ တစ်လက်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ယင်းနောက် အဆိုပါနေရာအား ဆက်လက်စစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသူများဖြစ်သည့် တရုတ်နိုင်ငံသား အမျိုးသားငါးဦး၊ မြန်မာနိုင်ငံသား အမျိုးသမီး တစ်ဦးတို့နှင့်အတူ ၎င်းတို့နေထိုင်အသုံးပြုလျက်ရှိသော မိုးကာတဲကြီး ၁၇ လုံးနှင့် ကင်းတဲငယ်များ၊ All in one ကွန်ပျူတာ ခြောက်လုံး၊ လက်တော့အလုံး ၇၀၊ ဖုန်းမျိုးစုံ အလုံး ၁၆၀၊ IPad ၁၀ လုံး၊ Router ၁၀ လုံး၊ Modern Stick ၃၇ ခု၊ မီးစက်သုံးလုံး၊ STAR LINK ဗန်း ၁၉ ခု၊ 4 X 4 WHEEL နှစ်စီး၊ သရီးကရောင်း တစ်စီးနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိသူများအား ကနဦး စိစစ်ဖော်ထုတ်ချက်များအရ အဆိုပါ နေရာတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်နေသူ ၂၀၀ ခန့်ရှိပြီး ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားချိန်တွင် ကစဉ့်ကလျားဖြင့် အရပ်မျက်နှာအသီးသီးသို့ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးကိုမြန်မာနိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်နှိမ်နင်းသွားမည်ဖြစ်ပြီး ၎င်းလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်နေသူများကို ဖော်ထုတ်ဖမ်းဆီး၍ ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါသိမ်းဆည်းရမိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် လက်နက်ခဲယမ်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပါဝင်ပတ်သက်သူများကို ဆက်လက်စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်နိုင်ရေးနှင့် ပြည်ပနိုင်ငံသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည် ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။


ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပန်စင်ကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိစဉ်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမျိုးသားအဆင့် အွန်လိုင်းလိမ်လည်မှု အမြစ်ပြတ်နှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲအမေး / အဖြေများ


ဦးကျော်စိုးဦး


ဦးအောင်မင်းသိန်း


ဦးဥက္ကာ


ဒေါ်မြင့်မြင့်နွယ်


ဒေါ်အိမွန်ကျော်


ကိုသန့်ဇင်ဦး

*(ယမန်နေ့မှအဆက်)*

People Media Agency မှ သတင်းထောက်ချုပ် **ဦးကျော်စိုးဦး** က ရှေ့တွင်လည်း မေးခွန်းက တော်တော်လေးစုံသွားပြီဖြစ်ကြောင်း၊ မိမိတို့ အွန်လိုင်းလိမ်လည်မှုနှင့်ပတ်သက်ပြီး Centre များကို ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်အပါအဝင် စသည့် မြို့ကြီးများသို့ ရောက်မလာစေရန် နိုင်ငံတော်အနေဖြင့် မည်ကဲ့သို့စီမံထားပြီး မည်သို့ပြင်ဆင်ထားသည်ကိုသိလိုကြောင်း၊ ယင်းနေရာများတွင် ဖမ်းဆီးရမိခြင်းရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က မည်သည့်နေရာမဆို မိမိတို့ဖမ်းဆီးနိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် မိမိတို့ ထပ်ပြီးသတင်းပေးလိုသည်မှာ မြဝတီဒေသတွင်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့်ပတ်သက်ပြီး ကွင်းဆက်လိုက်သည့်အခါတွင် မိမိတို့နိုင်ငံအတွင်းတွင်လည်း တချို့နေရာများတွင် ပျံ့နှံ့ရောက်ရှိနေသည်ကို သတင်းရရှိကြောင်း၊ တချို့လည်းပါဝင်ပတ်သက်နေသည့် သတင်းဆက်များလည်းရရှိကြောင်း၊ အချိန်တန်လျှင် ထုတ်ဖော်ပြောကြားသွားမည်ဖြစ်ကြောင်း၊ မိမိတို့ဆောင်ရွက်ဆဲလုပ်ငန်းဖြစ်သည့်အတွက်ကြောင့် ယခုအချိန်တွင် ထုတ်ဖော်ပြောကြားလျှင် လိုက်လံဆောင်ရွက်ရသူများအနေဖြင့် သတင်းကွင်းဆက်လိုက်ရသည်မှာ ခက်ခဲမည်ဖြစ်ကြောင်း၊ အချိန်တန်လျှင် သိရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

Eleven Media Group သတင်းဌာနမှ **အကြီးတန်းသတင်းထောက် ဦးအောင်မင်းသိန်း** က အွန်လိုင်းလိမ်လည်မှုများသည် ပြည်သူကြားထဲတွင် ပုံစံအမျိုးမျိုးနှင့် ပျံ့နှံ့နေကြောင်း၊ ဖုန်းထဲတွင် ဂိမ်းဆော့ခြင်းမျိုးသည်အဓိကအားဖြင့် ဖုန်းအော်ပရေတာများ၊ မိုလ်ဘိုင်းဖုန်းများကနေ သွားနေကြောင်း၊ အများပြည်သူကသိ၍ဖြစ်စေ၊ မသိ၍ဖြစ်စေ၊ အကယ်၍ အွန်လိုင်းပေါ်မှ လိမ်လည်ခံရမည်ဆိုလျှင် မည်သည့်နေရာကို အဓိကထားပြီး တိုင်ကြားရမည်၊ မည်ကဲ့သို့ လျင်လျင်မြန်မြန် ဆောင်ရွက်မှုရှိသည်ကိုသိလိုကြောင်း၊ ဖုန်းအော်ပရေတာများက ယခုအခန်းကဏ္ဍတွင် အဓိက ပါဝင်ပတ်သက်နေသောကြောင့် ဖုန်းအော်ပရေတာများနှင့် မည်သို့ပူးပေါင်းဆောင်ရွက်ရန်ရှိသည်ကို သိလိုကြောင်း၊ ဆက်စပ်အနေဖြင့် အွန်လိုင်းလိမ်လည်ဖမ်းဆီးရမှုတွင် နိုင်ငံခြားသားများကို ၎င်းတို့၏သက်ဆိုင်ရာ နိုင်ငံအသီးသီးသို့ မြန်မာနိုင်ငံက လွှဲပြောင်းပေးနေသည်ကို တွေ့ရှိရကြောင်း၊ ယင်းလုပ်ငန်းများတွင် သိ၍ဖြစ်စေ၊ မသိ၍ဖြစ်စေ၊ ဝင်ရောက်လုပ်ကိုင်ခဲ့သည့် မြန်မာနိုင်ငံသားများကို ဖမ်းဆီးရမိမှုရှိ/မရှိနှင့် ၎င်းတို့ကို မည်ကဲ့သို့မျိုးအရေးယူဆောင်ရွက်ထားသည်ကို ရှိရင်သိလိုပါကြောင်း မေးမြန်းသည်။

**အရေးယူသင့်ယူထိုက်သည့်သူများကို တည်ဆဲဥပဒေများနှင့်အညီအရေးယူ**

**ရဲမှူးချုပ် ကျော်လင်း** က ရှေ့တွင်လည်း အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းဂိမ်းများ အသုံးပြုနေသည့် Facebook၊ Telegram အကောင့်များနှင့် ပတ်သက်ပြီးဆောင်ရွက်ချက်များကို မိမိ ဖြေကြားခဲ့ကြောင်း၊ Facebook၊ Telegram၊ Tiktok လူမှုကွန်ရက်အကောင့်ကို ပြန်ကြည့်မည်ဆိုလျှင် အများအားဖြင့် အကောင့်ဖွင့်ရာတွင် မှတ်ပုံတင် အတုများ၊ အခြားသူများ၏ မှတ်ပုံတင်များကို အသုံးပြုခြင်းဖြစ်ကြောင်း၊ အကောင့်ပိုင်ရှင်များ၏ ကိုယ်ရေးအချက်အလက်အမှန်ရရန် အခက်အခဲ အနည်းငယ်ရှိကြောင်း၊ မိမိတို့က ယင်းအကောင့်များနှင့် ဆက်စပ်နေသည့် တယ်လီဖုန်းများကို ပိတ်သိမ်းနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရကြောင်း၊ ယနေ့အထိ ဆင်းကတ်ပေါင်း ၂၃၀၀ ကို ပိတ်ထားကြောင်း၊ ယင်းနှင့်တစ်ဆက်တည်း Pay အကောင့်များပိတ်သကဲ့သို့ဆက်စပ်နေသည့် Bank အကောင့်များကို စိစစ်ဖော်ထုတ်ရရှိခြင်းများရှိကြောင်း၊ ယခုချိန်အထိ Bank အကောင့်ပေါင်း ၁၄၉ ခုကို ဗဟိုဘဏ်နှင့်ဆက်သွယ်ပြီး ပိတ်သိမ်းခဲ့ကြောင်း၊ အွန်လိုင်းလိမ်လည်မှုနှင့်ပတ်သက်ပြီး ပြစ်မှုကျူးလွန်ခံရပြီး အလိမ်ခံရပြီဆိုလျှင် ပထမဦးဆုံး မိမိနေထိုင်သည့် သက်ဆိုင်ရာနယ်မြေရဲစခန်းတွင် အမှုဖွင့်တိုင်တန်းရန်လိုကြောင်း၊ သက်ဆိုင်ရာရဲစခန်းက အမှုဖွင့်ပြီးမှသာလျှင် ရဲစခန်းက ဆက်လက်စုံစမ်းဖော်ထုတ်ရမည်ဖြစ်ကြောင်း၊ မိမိတို့ဆက်လက်စုံစမ်းမှုလုပ်သည့်အခါတွင် လျင်လျင်မြန်မြန်နှင့် ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန်၊ ဆက်စပ်နေသည့် Bank အကောင့်များပိတ်ရန်၊ ဆင်းကတ်များပိတ်ရန်၊ နည်းပညာပိုင်းအရစိစစ်ရန် SOP များ ထုတ်ပေးပြီးဖြစ်ကြောင်း၊ မိမိတို့က အချိန်တိုအတွင်းတွင် ပေါင်းစပ်ဆောင်ရွက်နိုင်ရန် လုပ်ထားခြင်းဖြစ်ကြောင်း၊ တချို့အမှုကိစ္စများတွင် ငွေကြေးပမာဏများပြားပြီး နည်းပညာပိုင်းအရလည်း စုံစမ်းဖော်ထုတ်ရမည့် ကိစ္စရပ်များပါလာမည်ဆိုလျှင် မိမိတို့က CID ကို သီးခြားတာဝန်ပေးပြီး စုံစမ်းဖော်ထုတ်အရေးယူ ဆောင်ရွက်ခြင်းများလည်းရှိကြောင်း၊ အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်လာလျှင် သက်ဆိုင်ရာနယ်မြေရဲစခန်းကို အမြန်ဆုံးအမှုဖွင့်တိုင်ကြားရန် လိုအပ်ကြောင်း၊ အွန်လိုင်းလိမ်လည်သည့်လုပ်ငန်းတွင် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများနှင့်အတူ ဝင်ရောက်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားများလည်းရှိကြောင်း၊ အွန်လိုင်းလိမ်လည်မှုတွင် ပါဝင်ပတ်သက်နေခြင်းရှိ/မရှိ၊ ခြံစောင့်၊ ထမင်းချက်၊ သန့်ရှင်းရေး အစရှိသဖြင့် မိမိတို့ကစိစစ်ပြီး အရေးယူသင့်ယူထိုက်သည့်သူများကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခြင်းများရှိကြောင်း ဖြေကြားသည်။

Myanmar Hard Talk News မှ **သတင်းအယ်ဒီတာ ဦးဥက္ကာ** က အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်ပြီး အဆောက်အအုံများကိုဖြိုချဖျက်ဆီးခြင်းများကို နိုင်ငံတကာကသိအောင်၊ ကမ္ဘာကသိအောင် ချပြထားခြင်းများလည်းရှိကြောင်း၊ ထိုအဆောက်အအုံများကို ဖြိုချရှင်းလင်းခြင်းသည် သက်သေခံပစ္စည်းများကို ဖျောက်ဖျက်ခြင်းဖြစ်သည်ဆိုပြီး ပြည်ဖျက်မီဒီယာများပြောနေသည်ကို ကြားရကြောင်း၊ ယင်းအပေါ်တွင် ဗိုလ်ချုပ်အနေဖြင့် မည်ကဲ့သို့ တုံ့ပြန်မည်ကို သိလိုကြောင်း၊ အွန်လိုင်းလိမ်လည်မှုကိစ္စများတွင် KNU အကြမ်းဖက်အဖွဲ့အနေဖြင့် မည်မျှထိ နက်နက်ရှိုင်းရှိုင်းပါဝင်ပတ်သက်နေသည်ကို အနည်းငယ်မျှ အကျယ်တဝင့် ရှင်းပြပေးစေလိုကြောင်း မေးမြန်းသည်။

**တစ်ကမ္ဘာလုံးကို ကြေညာပြီးလုပ်နေခြင်းဖြစ်**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က သက်သေခံပစ္စည်းကို ဖျောက်ဖျက်သည်ဆိုသည်မှာ ယင်းဧရိယာ အကျယ်ကြီးတွင် လုပ်ဆောင်နေသည့်ကိစ္စကို အမှန်တကယ်ကျူးလွန်ခဲ့ခြင်းရှိခဲ့လျှင် သက်သေခံပစ္စည်းဖျောက်ဖျက်ရန် အလွန်ခဲယဉ်းပါကြောင်း၊ နေရာကျယ်သည်ကို ပြောလိုခြင်းမဟုတ်ကြောင်း၊ သက်သေခံပစ္စည်းနှင့်ပတ်သက်ပြီး သာမန်နိုင်ငံသူနိုင်ငံသားတစ်ယောက် တွေးခေါ်ခြင်းဖြင့် သိနိုင်ကြောင်း၊ လူမသိအောင်လုပ်လိုက်သည့် တစ်ဦးချင်းကျူးလွန်ခဲ့သည့် လူသတ်မှုကဲ့သို့ ပြစ်မှုများတွင် မျက်မြင်သက်သေမရှိသော်လည်း အချိန်တန်လျှင် သက်သေခံပစ္စည်းဆိုတာ ပေါ်လာကြောင်း၊ ပြည်ဖျက်မီဒီယာများက စွပ်စွဲပြောဆိုသည်ကို ပထမဆုံးတုံ့ပြန်ပြောဆိုလိုသည်မှာ အဓိပ္ပာယ်မရှိဟု ပြောလိုပါကြောင်း၊ နံပါတ်နှစ်အချက်သည် ၎င်းတို့က သာမန်ပြည်သူများတွေးသလောက် အတွေးအခေါ်ပင်မရှိသည့် အဖွဲ့အစည်းဟု မှတ်ချက်ပြုလိုကြောင်း၊ ၎င်းတို့အနေဖြင့် နိုင်ငံတော်ပျက်စီးရာပျက်စီးကြောင်းကို အမြဲရည်ရွယ်ပြောဆိုနေမည်ဖြစ်ကြောင်း၊ ထိုအဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးခြင်းကို မိမိတို့တိတ်တိတ်ဆိတ်ဆိတ် လုပ်နေခြင်းမဟုတ်ဘဲ ပေါ်တင်လုပ်နေခြင်းဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံးကို ကြေညာပြီးလုပ်နေခြင်းဖြစ်ကြောင်း၊ သတင်းထောက်ကြီးများ ဤအခန်းအတွင်းသို့ဝင်လာစဉ်က တွေ့လိမ့်မည်ဖြစ်ကြောင်း၊ သက်သေခံပစ္စည်းအဖြစ်အသုံးပြုခဲ့သည့် ဖုန်းများ၊ ကွန်ပျူတာများ၊ စာရွက်စာတမ်းများကို မြင်ခဲ့ကြမည်ဖြစ်ကြောင်း၊ သက်သေခံပစ္စည်းကို ခင်းကျင်းပြသထားခြင်းဖြစ်ကြောင်း၊ ဖျောက်ဖျက်စရာအကြောင်းမရှိကြောင်း၊ အဆောက်အအုံကို ဖျက်ဆီးခြင်းသည် နောက်နောင်မဖြစ်အောင်၊ မိမိတို့အစိုးရအနေဖြင့် စံနမူနာဖြစ်အောင် ပြခြင်းဖြစ်ကြောင်း၊ တချို့လည်းပြောကြကြောင်း၊ ထိုအဆောက်အအုံများကို မည်သို့အကျိုးရှိရှိ အသုံးချလိုက်လျှင် ကောင်းနိုင်သည်ဟု ပြောကြကြောင်း၊ မကောင်းဘူးဟု မိမိပြောလိုကြောင်း၊ အဘယ်ကြောင့်ဆိုသော် ထပ်ဝင်လာဦးမည်ဖြစ်ကြောင်း၊ မိမိတို့မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခသည် လွတ်လပ်ရေးကစခဲ့ခြင်းဖြစ်ကြောင်း၊ နှစ် ၇၀ ရှိပြီဖြစ်ကြောင်း၊ နယ်စပ်တစ်လျှောက်လုံးတွင် ဖြစ်နေခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလမ်းကြောင်း လျှောက်လှမ်းရန် NCA နှင့် နိုင်ငံတကာပါဝင်ကြောင်း၊ သတင်းထောက်ကြီးများလည်း NCA ပွဲကို အကြိမ်ကြိမ်တက်ရောက်ခဲ့ပြီးဖြစ်ကြောင်း၊ NCA ထက်ပိုကောင်းသည့်လမ်းကြောင်းမရှိကြောင်း၊ နိုင်ငံတကာကလည်း သဘောတူကြောင်း၊ ဖြောင့်ဖြူးနေအောင် လမ်းကြောင်းဖောက်ပေးသော်လည်း ထိုလမ်းကြောင်းကို မတက်ကြောင်း၊ တက်ပြီးသားသူကလည်း ဆူးတောထဲကိုသာ ဆက်တိုးမည်ဆိုသည့်ပုံစံမျိုးပဲဖြစ်ကြောင်း၊ ယင်းနယ်မြေဒေသကြီးသည် အမြဲတမ်းတည်ငြိမ်အေးချမ်းပြီး ၁၀၀ ရာခိုင်နှုန်း တရားဥပဒေစိုးမိုးရေး အပြည့်အဝရှိနိုင်လားဆိုသည့် သုံးသပ်ချက်အပေါ်တွင်လည်းမူတည်ကြောင်း၊ ထို့အတွက်ကြောင့် ပြန်လည်ပြီး မခိုအောင်းနိုင်ပါဘူးဆိုသည်ကို မယုံကြည်ပါကြောင်း၊ မယုံကြည်သည့်အတွက်ကြောင့် လက်စတုံးချေမှုန်း၍ မြေလှန်ဖောက်ခွဲဖျက်ဆီးခြင်းဖြစ်ကြောင်း၊ နံပါတ်နှစ်အနေဖြင့် ထိုကဲ့သို့ လုပ်လျှင် ထိုသို့ဖြစ်မည်ဟု ကမ္ဘာကိုလည်း တိတိလင်းလင်းပြောလိုကြောင်း၊ ထိုကဲ့သို့ လုပ်ဆောင်နေသည့် အဖွဲ့အစည်းများကိုလည်း တိတိလင်းလင်း ပြလိုကြောင်း၊ ထို့ကြောင့် မိမိတို့ လုပ်ဆောင်ရခြင်းဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ **ဦးဥက္ကာ** က KNU ပါဝင်ပတ်သက်နေခြင်းနှင့်ပတ်သက်ပြီး ၎င်းတို့က မည်မျှထိ ပါဝင်ပတ်သက်နေသည်ကို တစ်ဆက်တည်းရှင်းပြပေးစေလိုကြောင်း မေးမြန်းသည်။

**အွန်လိုင်းလောင်းကစားမှုများ ဆက်ကြေးပေးပြီးလုပ်နေခြင်းဖြစ်**

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က KNU နှင့်ပတ်သက်ပြီး Video ဖိုင်များနှင့်လည်း ပြသခဲ့ကြောင်း၊ KNU အနေနှင့် စာချုပ်များတွင် လက်မှတ်ထိုးထားမှုကိုလည်းပြသခဲ့ကြောင်း၊ သက်သေပြ၍ရသည့် အထောက်အထားများကိုပြသခဲ့ကြောင်း၊ ထိုင်းနှင့်မြန်မာ နှစ်နိုင်ငံကြားထဲတွင် KNU အနေဖြင့် မည်ကဲ့သို့ပြဿနာဖြစ်ရန် လုပ်နေသည်ကို မိမိ ပြသခဲ့ကြောင်း၊ မြန်မာကပစ်သည့်လက်နက်ကြီး ထိုင်းနိုင်ငံတွင်ကျသည်ဟုဆိုကာ ၎င်းတို့ကိုယ်တိုင် ထိုင်းနိုင်ငံဘက်သို့ ပစ်ခတ်ခြင်းမျိုးရှိကြောင်း၊ ယင်းတို့ကိုလည်း ပြသခဲ့ကြောင်း၊ သတင်းထောက်ကြီးများ စဉ်းစားကြည့်စေလိုကြောင်း၊ KNU အနေဖြင့် နယ်စပ်ဒေသတစ်လျှောက် နေရာအနှံ့အပြားတွင်ရှိကြောင်း၊ ၎င်းတို့အနေနှင့် စခန်းများ ပေါ်တင်လုပ်ထားခြင်းမျိုးလည်းရှိကြောင်း၊ စိမ့်ဝင်နေသည့် နေရာများလည်းရှိကြောင်း၊ ထိုနေရာမျိုးတွင် လုပ်နေသည့် အွန်လိုင်းလောင်းကစားမှုများသည် ရှင်းရှင်းပြောပြရလျှင် ၎င်းတို့ကို ပိုက်ဆံမပေးဘဲနှင့်လုပ်၍ကိုမရကြောင်း၊ မြဝတီမြို့နားတွင် ကပ်နေပြီး မိမိတို့၏ ရဲတပ်ဖွဲ့ဝင်များသွား၍ရသည့် တရားဥပဒေစိုးမိုးမှု တစ်စိတ်တစ်ပိုင်းရှိသည်ဆိုသည့် နေရာမျိုးတွင်ပင် ၎င်းတို့ကို ပိုက်ဆံမပေးဘဲမရကြောင်း၊ ၎င်းတို့လွှမ်းမိုးနေသည့် နယ်မြေထဲတွင် အွန်လိုင်းလောင်းကစားမှု လုပ်နေသူများပင်မဆိုကရင်ပြည်သူအချင်းချင်းပင်လျှင် ၎င်းတို့ကို ဆက်ကြေးပေးပြီး ရပ်တည်ရကြောင်း၊ ကရင်ပြည်နယ်ထဲရှိ စီးပွားရေးလုပ်ငန်းလုပ်နေသည့် ကရင်ပြည်သူလူထုကိုစိတ်ကြိုက်မေးကြည့်စေလိုကြောင်း၊ ထိုကဲ့သို့ ဆက်ကြေးပေးပြီး လုပ်နေခြင်းဖြစ်သည့်အတွက် တရားမဝင်လုပ်ငန်းများ ယင်းနေရာတွင်ရှိသည်ကို KNU အနေဖြင့် မသိရှိဟုဆိုခြင်းသည် မဖြစ်နိုင်ကြောင်း၊

*စာမျက်နှာ ၁၀ သို့*

စာမျက်နှာ ၉ မှ

၎င်းတို့ကို ဆက်ကြေးပေးပြီး လုပ်နေရခြင်းဖြစ်ကြောင်း ဖြေကြားသည်။

**CCTV သတင်းဌာနမှ ဒေါ်မြင့်မြင့်နွယ်**က လက်ရှိမြန်မာနိုင်ငံတွင် အွန်လိုင်းလောင်းကစားမှုများနှင့် အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်နေသည်ကို တွေ့ရှိရကြောင်း၊ ဆက်လက်ပြီး မည်သည့်အစီအစဉ်များဖြင့် ဆောင်ရွက်သွားမည်၊ မည်သည့်အကျိုးရလဒ်များ ထွက်ပေါ်လာမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

## လုပ်ငန်းများကို မူဝါဒများအတိုင်း ပြတ်ပြတ်သားသားလုပ်ဆောင်သွားမည်

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်ပြီး ပထမဦးဆုံးပူးပေါင်းဆောင်ရွက်ခဲ့သည်မှာ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့်မြန်မာနိုင်ငံ၏အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးအခြေအနေသည် အတက်ကြွဆုံးနှင့် အလုပ်အဖြစ်ဆုံးအခြေအနေဖြစ်သည်ဟု ပထမဦးဆုံးပြောကြားလိုပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုခိုင်မာသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ပူးပေါင်းဆောင်ရွက်မှုကို အလေးထားတန်ဖိုးထားကြောင်းနှင့် ဆက်လက်ပြီး ခိုင်မာစွာပူးပေါင်းဆောင်ရွက်သွားမည်ဟု ကျေးဇူးတင်စွာ ပြောကြားလိုကြောင်း၊ ဒုတိယအချက်အနေဖြင့် ယနေ့သတင်းစာရှင်းလင်းပွဲတွင် မိမိတို့၏လုပ်ဆောင်လျက်ရှိသည့် မူဝါဒများ၊ နည်းလမ်းများကိုပြောပြီးဖြစ်ပါကြောင်း၊ ယခုလိုလုပ်ဆောင်သည့်အခါ မိမိတို့မြန်မာနိုင်ငံတစ်နိုင်ငံတည်း လုပ်ဆောင်၍ရသည့် လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့တစ်နိုင်ငံတည်းမဟုတ်ဘဲ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများကိုမူဝါဒများအတိုင်းပြတ်ပြတ်သားသားလုပ်ဆောင်သွားမည်ဟု ပြောလိုကြောင်း၊ ထို့ကြောင့် အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုနှိမ်နင်းရေးနှင့်ပတ်သက်ပြီး နောက်ဖြစ်ပေါ်လာမည့် အကျိုးရလဒ်သည် မြန်မာနိုင်ငံသူ နိုင်ငံသားများတင်မဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအသိုင်းအဝိုင်းကပါ ကျေနပ်လောက်သည့် အနေအထားအထိ တိုးတက်လာနိုင်လိမ့်မည်ဟုမိမိအနေဖြင့် ပြောကြားလိုကြောင်းဖြေကြားသည်။

**Xinhua News Agency မှ ဒေါ်အိမွန်ကျော်**က မြန်မာနိုင်ငံပြည်တွင်းရှိ နိုင်ငံဖြတ်ကျော် အွန်လိုင်းလိမ်လည်မှုများကို ယခုထက် ပိုမိုထိရောက်သည့် လုပ်ဆောင်မှုများ တစ်ဆင့်တိုး၍ မည်သို့လုပ်ဆောင်သွားမည်ကို သိလိုပါကြောင်း၊ တရုတ်နိုင်ငံသားများ မြန်မာနိုင်ငံအတွင်း၌ ဘေးကင်းလုံခြုံမှုကို အာမခံပေးရန် မြန်မာအစိုးရအနေဖြင့် မည်ကဲ့သို့အသေးစိတ်အစီအမံများဆောင်ရွက်နေသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က နိုင်ငံဖြတ်ကျော်ဆက်သွယ်ရေးလိမ်လည်မှုနှင့်ပတ်သက်၍ လုပ်ဆောင်မည့်အသေးစိတ်ကို ပြောကြားပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဖြစ်ပေါ်လာသည့်အခြေအနေများ၊ နိုင်ငံတကာ၏ပူးပေါင်းဆောင်ရွက်မှုများ၊ မိမိတို့ဆောင်ရွက်ချက်များအပေါ် ဖြစ်ပေါ်လာသည့်အခြေအနေအပေါ်မူတည်ပြီး တစ်ဆင့်ချင်းတိုးတက်အောင်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု၊ အိမ်နီးနားချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ များစွာလိုအပ်ကြောင်း၊ မိမိတို့ကိုယ်တိုင်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသားများ မြန်မာနိုင်ငံအတွင်း ဘေးကင်းလုံခြုံရေး အာမခံပေးမှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံသားမှမဟုတ်ဘဲ မြန်မာနိုင်ငံအတွင်း နေထိုင်သည့် မည်သည့်နိုင်ငံသားမဆို ဘေးကင်းလုံခြုံရေးအတွက် မိမိတို့မြန်မာနိုင်ငံအစိုးရတွင် တာဝန်ရှိကြောင်း၊ တာဝန်ရှိသည်ဟုလည်းခံယူကြောင်းနှင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံကြားတွင် ထူးခြားချက်အနေဖြင့် တရုတ်နိုင်ငံ၏စီမံကိန်းများ မြန်မာနိုင်ငံတွင် များစွာရှိကြောင်း၊



ဒေါက်တာဇော်သန်း



ဦးကျော်မျိုးမင်း



ဒေါ်ခင်မိုမိုမြင့်



ဦးမိုးဟိန်း

လုပ်ဆောင်ပြီးသည့် စီမံကိန်းများ၊ မလုပ်ဆောင်ရသေးသည့် စီမံကိန်းများရှိကြောင်း၊ မကြာမီကာလတွင် အကောင်အထည်ဖော်မည့် စီမံကိန်းများရှိကြောင်း၊ အဆိုပါစီမံကိန်းများကို အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန် လုံခြုံမှုပိုရှိစေရေးလုပ်ဆောင်ပေးလျက်ရှိကြောင်း၊ အခြားနိုင်ငံများ၏ စီမံကိန်းများလည်းရှိကြောင်း၊ အိမ်နီးနားချင်းနိုင်ငံများမှ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံထားသည့် စီမံကိန်းများလည်း ရှိပါကြောင်း၊ အဆိုပါစီမံကိန်းများသည်လည်း အလားတူပင်ဖြစ်ပါကြောင်း၊ စီမံကိန်းများလုံခြုံရေးအတွက် အထူးအစီအစဉ်များကို မြန်မာနိုင်ငံအစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အချိန်တန်လျှင် သိရမည်ဖြစ်ကြောင်း၊ မိမိပြောလိုသည်မှာ ပို၍လုံခြုံမှုရှိသည့်၊ အာမခံချက်ရှိသည့် အခြေအနေတစ်ရပ် မလွဲမသွေဖြစ်ပေါ်လာမည်ဟု ပြောလိုပါကြောင်း ဖြေကြားသည်။

**BBC သတင်းဌာနမှအကြီးတန်းသတင်းထောက် ကိုသန့်ဇင်ဦး** က KK Park ရှိ အဆောက်အအုံများဖြိုချသည့်ကိစ္စနှင့်ပတ်သက်၍ ဆက်စပ်မေးခွန်းများကို မေးလိုပါကြောင်း၊ အဆောက်အအုံများကို ဖြိုချခြင်း၊ အဆောက်အအုံများကို မဖြိုချသေးဘဲ ရှိပြီးသားသက်သေများဖြစ်သည့် ကွန်ပျူတာများ၊ ဖုန်းများက ရရှိသည့်သက်သေများနှင့်အတူ နိုင်ငံတကာနှင့် ပူးပေါင်းဖော်ထုတ်လျှင် ပို၍ကောင်းမည်ဟုထင်မိကြောင်း၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ပြောခွင့်ရသူသည် အမေရိကန်နိုင်ငံက ဖွဲ့စည်းလိုက်သည့် Scam နှင့်ပတ်သက်သည့် အထူးအဖွဲ့နောက်တွင် Hidden Agenda ရှိသည်ဟုပြောထားကြောင်း၊ မည်သည့်အကြောင်းအရာတစ်ခုခုသိရှိထားသည်ကိုသိလိုပါကြောင်းမေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ဖြိုချဖျက်ဆီးမှုနှင့်ပတ်သက်၍ ပြောကြားပြီးဖြစ်သည့်အတွက် ထပ်မံမပြောလိုတော့ကြောင်း၊ အမေရိကန်နှင့် ပတ်သက်သည့် အကြောင်းအရာကိုသာ ပြောမည်ဖြစ်ကြောင်း၊ မိမိပြောခဲ့သည့် Hidden Agenda ဆိုသည်မှာ ၎င်းတို့၏ထုတ်ပြန်ချက်ကို လေ့လာကြည့်လျှင် သိနိုင်ပါကြောင်း၊ ၎င်းတို့၏ထုတ်ပြန်ချက်ထဲတွင် မိမိတို့နိုင်ငံနယ်စပ်ရှိ Online Scam နှင့်ပတ်သက်သည့် နေရာ ၂ နေရာကို ၎င်းတို့ရောက်ရှိစစ်ဆေးခဲ့သည်ဟုပါရှိကြောင်း၊ နံပါတ်(၁)မေးခွန်းအနေဖြင့် ၎င်းနေရာကို အမေရိကန်နိုင်ငံက မည်သူတွေက ရောက်တာလဲ။ မြန်မာအစိုးရပိုင်နက်ထဲ ရှိနေသည့်နေရာကို မည်သူက မည်သည့်နည်းဖြင့် ဝင်ရောက်တာလဲ။ မည်သူနှင့် ပူးပေါင်းဆောင်ရွက်တာလဲ။ သေချာသည်မှာ မိမိတို့အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှုမရှိပါကြောင်း၊ ထိုသို့ဆိုလျှင် ၎င်းတို့၏အစီအစဉ်ကဘာလဲ။ ပြီးလျှင် ၎င်းတို့က Task Force အဖွဲ့ ဖွဲ့စည်းပြီးသည့်နောက်တွင် မိမိတို့နှင့်တရားဝင်ဆက်သွယ်ဆောင်ရွက်ခဲ့ခြင်းမရှိပါကြောင်း၊ ထူးခြားချက်အနေဖြင့်တွေ့ရသည်မှာ တချို့ EAOs များ၏ထုတ်ပြန်ချက်အနေဖြင့် အားလုံးလည်းတွေ့ရမှာဖြစ်ပါကြောင်း၊ BBC သတင်းဌာနအနေဖြင့်လည်း နိုင်ငံတကာသတင်းဌာန ဖြစ်သည့်အတွက် မြန်မာအစိုးရ၏သတင်းကိုလည်း ဖော်ပြကြောင်း၊ EAOs များ၏ သတင်းကိုလည်း ဖော်ပြသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ တချို့ EAOs များ၏ထုတ်ပြန်ချက်အနေဖြင့် အမေရိကန်က ပို့လိုက်သည့် Task Force နှင့် ၎င်းတို့ပူးပေါင်းဆောင်ရွက်ရန် လုပ်နေသည်ဆိုသည်ကို ထူးထူးခြားခြားတွေ့ရကြောင်း၊ ယင်းကိုလည်း ထုတ်ပြန်ထားပါကြောင်း၊ မိမိပြောသကဲ့သို့ နောက်ကွယ်တွင် တစ်ခုခုရှိလို့သာလျှင် ယခု အပြုအမူများ၊ အကြောင်းအရာများပေါ်လာသည်ဟု ထင်မြင်မိပါကြောင်း၊ ဤသည်မှာ မိမိပြောသည့် Hidden Agenda ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ **BBC သတင်းဌာနမှ ကိုသန့်ဇင်ဦး** က မနေ့က တရုတ်လက်ထောက်ဝန်ကြီးနှင့်အဖွဲ့ ရောက်လာမှုနှင့်ပတ်သက်ပြီး ဆက်စပ်သည့်မေးခွန်း မေးလိုပါကြောင်း၊ တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနလက်ထောက်ဝန်ကြီးက အွန်လိုင်းငွေလိမ်လုပ်ငန်းများကို ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ယင်းလုပ်ငန်းများကို အကြောင်းပြပြီး ပြည်ပစွက်ဖက်မှုများ လက်မခံဘူးဆိုသည့် ဆွေးနွေးချက်အပေါ် မြန်မာအစိုးရ၏တုံ့ပြန်ချက်ကို သိလိုပါကြောင်း မေးမြန်းသည်။

## ပြည်ပစွက်ဖက်မှုများကိုလက်မခံ

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မြန်မာအစိုးရ၏ တုံ့ပြန်ချက်မှာ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ၏ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးအဖွဲ့သည် နိုင်ငံတကာအွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးအဖွဲ့တွင် ပထမဦးဆုံး ပေါ်ပေါက်ခဲ့သည့်အဖွဲ့ဖြစ်ပါကြောင်း၊ ထပ်ပြီးပြောရလျှင် လက်တွေ့အလုပ်အဖြစ်ဆုံးနှင့် အထိရောက်ဆုံးအဖွဲ့ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဆက်လက်ပြီးတော့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ ပြည်ပစွက်ဖက်မှုများကို လက်မခံပါကြောင်း၊ ပြည်ပစွက်ဖက်မှုဆိုသည့်အပိုင်းတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အိမ်နီးနားချင်းနိုင်ငံဖြစ်သည့်အတွက် ၎င်းတို့၏တွေ့ရှိချက်များကို သံတမန်ဆက်ဆံရေးမှာ မိမိတို့အား ပြောရသည်များရှိပါကြောင်း၊ မိမိတို့အနေဖြင့်လည်း မိမိတို့၏တွေ့ရှိချက်များကို ပြောရသည်လည်းရှိပါကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံတည်းမဟုတ်ဘဲ၊ မြန်မာ-အိန္ဒိယ ဆက်ဆံရေး၊ မြန်မာ-ထိုင်း ဆက်ဆံရေးတို့တွင်လည်း ယခုကဲ့သို့ပင်ဖြစ်ပါကြောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် ဆက်ဆံရေး၊ မြန်မာ-လာအို ဆက်ဆံရေးများတွင်လည်း ထိုကဲ့သို့ပင်ရှိပါကြောင်း၊ အိမ်နီးနားချင်းနိုင်ငံတစ်နိုင်ငံ၏ မတည်ငြိမ်မှုသည် ကျန်အိမ်နီးနားချင်းနိုင်ငံများမှာလည်း မလွဲမသွေ ခံစားရမည်ဖြစ်ကြောင်း၊ မိမိတို့မြန်မာနိုင်ငံ၏ မတည်ငြိမ်မှုသည်လည်း မိမိတို့၏ အိမ်နီးနားချင်းနိုင်ငံများအနေဖြင့် မလွဲမသွေ အနည်းနှင့် အများရိုက်ခတ်မှုရှိနိုင်ကြောင်း၊ ထိုင်းနိုင်ငံ၏ မတည်ငြိမ်မှုတစ်ခုရှိခဲ့လျှင်လည်း မိမိတို့မြန်မာနိုင်ငံမှာ ရိုက်ခတ်မှုရှိနိုင်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏သတင်းဖလှယ်မှုသည် မိမိတို့ကြားသိရသည့် အရာမှန်သမျှကို ဖလှယ်နေရခြင်းဖြစ်ကြောင်း၊ တခြားသော အိမ်နီးနားချင်းနိုင်ငံများအနေဖြင့်လည်း ၎င်းတို့ ကြားသိရသည့် သတင်းများကို မိမိတို့နှင့် သတင်းဖလှယ်နေရကြောင်း၊ ထိုကဲ့သို့ သတင်းဖလှယ်မှုနှင့်ပတ်သက်ပြီး မိမိတို့မြန်မာအစိုးရ၏ သဘောထားမှာ သတင်းဖလှယ်မှုများသည် ဂရုပြုလုပ်ဆောင်ရမည်၊ မိမိတို့၏ပူးပေါင်းဆောင်ရွက်မှုတွင် အလေးထားရမည်ဟု သဘောထားကြောင်း ဖြေကြားသည်။

**ဂျပန်နိုင်ငံ Sankei Shimbun သတင်းစာမှ ဌာနေသတင်းထောက် ဒေါက်တာဇော်သန်း** က နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားအဆင့် အွန်လိုင်းလိမ်လည်မှုကို အမြစ်ပြတ်နှိမ်နင်းရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်နေသည့်အချိန်တွင် အမေရိကန်က Special Striking Force ဆိုပြီး Online Scam ကို နှိမ်နင်းဖို့အဖွဲ့ ဖွဲ့လိုက်သည်ကို ကြားသိရပါကြောင်း၊ ရည်ရွယ်ချက်ချင်းအတူတူ ရဲချုပ်ကြီး အမိန့်ရှိသလို မူးယစ်ဆေးဝါးနှင့်ပတ်သက်၍လည်း အမေရိကန်က မြန်မာနိုင်ငံအစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိသည်ကို သိရှိရပါကြောင်း၊ Online Scam လိမ်လည်မှုနှိမ်နင်းရေးမှာ အမေရိကန်အစိုးရ၏ Special Striking Force က မြန်မာနိုင်ငံအစိုးရနှင့် ပူးပေါင်းဆောင်ရွက်မည်ဟူသည့် ကမ်းလှမ်းချက်များရှိပါက လက်ခံဖို့ ရှိ/မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မိမိတို့ မြန်မာနိုင်ငံအစိုးရ၏မူဝါဒမှာ မိမိတို့နိုင်ငံနှင့် မိမိတို့ပြည်သူလူထု၏ကောင်းကျိုးကို လိုလားသည့်မည်သည့်အဖွဲ့အစည်းကိုမဆို မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်အတွက် အသင့်ရှိနေပါကြောင်း၊ နံပါတ်(၁)အနေဖြင့် မိမိတို့ပြည်သူ၊ နံပါတ်(၂)က မိမိတို့နိုင်ငံကောင်းကျိုးကို လိုလားရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့မဟုတ်ပါက မိမိတို့အနေဖြင့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ မိမိတို့နိုင်ငံ၏အချုပ်အခြာအာဏာကိုကြည့်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**The Statesman Journal မှ အယ်ဒီတာချုပ် ဦးကျော်မျိုးမင်း** က ဗိုလ်ချုပ်တို့ ခုနက မတ်တပ်ရပ်ပြီးပြည်သူလူထုကိုမေတ္တာရပ်ခံပြောတာလေးလည်း ချီးကျူးပါကြောင်း၊ ဂုဏ်ပြုပါကြောင်း၊ ဝမ်းသာပါကြောင်း၊ ဗိုလ်ချုပ်တို့ ကြွေးကြော်သွားတာလေးလည်း တော်တော်ကောင်းပါကြောင်း၊ အွန်လိုင်းလိမ်လည်မှုအမြစ်ဖြတ်နှိမ်နင်းရေးဆိုသည့်အတွက် အမြစ်ပြတ်မယ်လို့လည်း မျှော်လင့်ပါကြောင်း၊ လက်ရှိမှာ Online Scam ကိစ္စသည် အမေရိကန်ရော၊ တရုတ်ရော ခြေရှုပ်လာပြီးတော့ နှစ်ဖက်လုံး Political အရပါ ကစားလာခဲ့ကြောင်း၊ Online Scamming Issue က Political Issue အဖြစ်နှင့် တဖြည်းဖြည်းပြောင်းလဲလာပြီးနောက် တိုင်းပြည်၏ ကံကြမ္မာအထိပါ အပြောင်းအလဲဖြစ်သွားနိုင်သည်အထိ တချို့ကိစ္စများရှိနေသည်ဆိုသည့် Information များရှိသည့်အခါ ပြည်သူလူထုကို ယခု Issue ကနေ မြန်မာအစိုးရအနေဖြင့် မည်သည့်သတင်းစကားများ ပါးလိုပါသလဲ။ Online Scam တွင်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ၊ သိ၍ဖြစ်စေ၊ မသိ၍ဖြစ်စေ ပတ်သက်မိနေသူများ၊ ထိုင်းမှာလည်း ထိုင်းအစိုးရအာဏာပိုင်တွေ ရှိနေသကဲ့သို့၊ ကမ္ဘောဒီးယား၊ လာအိုမှာလည်း အာဏာပိုင်အကြီးအကဲတွေထိ ပတ်သက်မှုများ ကြီးကြီးမားမားရှိနေပါကြောင်း၊ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ မတော်တဆဖြစ်စေ ပတ်သက်မိနေသည့် Issue အားလုံးက တိုင်းပြည်တစ်ခုလုံးကို ရှုပ်ယှက်ခတ်သွားနိုင်သည်ဟု မြင်မိပါကြောင်း၊ ၎င်းတို့အားလုံးကို မည်သည့်သတင်းစကားပေးလိုပါသလဲ။ မိမိတို့နယ်စပ်တစ်လျှောက်တွင်ရှိသည့် EAOs များက Online Scam နှင့်ပတ်သက်ပြီး တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ၊ သိ၍ဖြစ်စေ၊ မသိ၍ဖြစ်စေ ပတ်သက်ခဲ့ကြကြောင်း၊ ၎င်းတို့အားလုံးကိုရော မည်သို့သော သတင်းစကားပေးလိုသည်ကို သိလိုကြောင်း မေးမြန်းသည်။ စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

## EAOs အဖွဲ့များကိုလည်း လမ်းအမှန်ကို ပြန်လည်လျှောက်လှမ်းကြရန် တိုက်တွန်းလို

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က ယခုမေးခွန်းနှင့် မဆိုင်သည့် အခြေအနေလေးတစ်ခုကို ပြောကြားလိုပါကြောင်း၊ မီဒီယာများပြောကြားချိန်တွင် မိမိတို့က ဖမ်းဆီးရမိသူများကိုသာ အဓိကထားပြီး ပြောကြားရာ တရုတ်နိုင်ငံသား၊ တခြားတစ်ဖက်က ထိုင်းနိုင်ငံသားဆိုပြီးပြောကြကြောင်း၊ ယင်းနှင့် ပတ်သက်၍ မီဒီယာများကို အသိပေးပြောကြားလိုသည်မှာ ယခုကိစ္စသည် နိုင်ငံတကာဖြတ်ကျော်မှု ရာဇဝတ်မှုပုံစံ၊ နိုင်ငံပေါင်းစုံက မသမာသူများ ပူးပေါင်းဆောင်ရွက်နေသည့် ပုံစံဖြစ်သော International Organize Crime ဆိုသည့် ပုံစံဖြစ်ပါကြောင်း၊ မိမိတို့ မီဒီယာများအနေဖြင့် ယင်းကိစ္စကို ပြောကြားရာတွင် လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံတည်းကိုသာ အပြစ်ပုံမချသင့်ကြောင်း၊ ယင်းသည် International Issue ဖြစ်ကြောင်း၊ ထိုသို့အပြစ်ပုံချလျှင် ဥပမာ- မိမိတို့မြန်မာနိုင်ငံသော်လည်းကောင်း၊ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံသော်လည်းကောင်း အပြစ်ပုံချရုံနှင့် ထိုကိစ္စပြီးသွားမည်မဟုတ်ကြောင်း၊ ယင်းသည် International Crime ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအားလုံး၊ အဖွဲ့အစည်းအားလုံး ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ သတင်းထောက်ကြီးပြောခဲ့သည့်အတိုင်း တိုင်းပြည်၏ကံကြမ္မာကို ပြောင်းပစ်နိုင်သည်ဆိုတာ မှန်ကန်ပါကြောင်း၊ မိမိတို့သိပြီးသားဖြစ်သည့် အရှေ့မြောက်ဒေသတွင် မည်သို့ဖြစ်ခဲ့သလဲ။ အမျိုးစားပေါင်းစုံ၊ အကြောင်းအရာပေါင်းစုံရှိမည်ဖြစ်ကြောင်း၊ သို့သော်လည်း သတင်းထောက်ကြီးတို့သိပြီးသား ကိစ္စဖြစ်သည့် ၁၀၂၇ စစ်ဆင်ရေးဆိုသည်မှာ အွန်လိုင်းလိမ်လည်မှုကို တိုက်ဖျက်ရန်ဆိုသည့် ခေါင်းစဉ်နှင့်လာခြင်းဖြစ်ကြောင်း၊ ထိုခေါင်းစဉ်၏နောက်ကွယ်တွင် အကြောင်းမျိုးစုံရှိမည်ဖြစ်ကြောင်း၊ မည်မျှလောက်အထိဖြစ်သွားသည်ကို မီဒီယာများအနေဖြင့် မြင်ပြီးသားဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် သတင်းစာရှင်းလင်းပွဲများ အကြိမ်ကြိမ်လုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ပြင်ဦးလွင်မှ စစ်ဘေးရှောင်မည်မျှ ရန်ကုန်ကို ရောက်လာပါသလဲ။ ယင်း၏နောက်ဆက်တွဲဖြစ်သည့် မိုးကုတ်မှ စစ်ဘေးရှောင်မည်မျှ ရန်ကုန်ကို ရောက်လာပါသလဲ။ ယင်းတို့ကို မိမိတို့အနေဖြင့် ပြန်လည်ဖြေရှင်းနေရခြင်းဖြစ်ကြောင်း၊ ဤနေရာတွင် မိမိတို့အနေဖြင့်ပြောလိုသည်မှာ အွန်လိုင်းလိမ်လည်မှုကို နိုင်ငံတကာက မုန်းပါသည်ဟု ပြောလျှင်၊ ၎င်းတို့မုန်းသည်ထက် မိမိတို့အစိုးရက ခါးခါးသီးသီးမုန်းပါကြောင်း၊ စစ်ဘေးရှောင်နေရသည့် ပြည်သူလူထုတချို့ရှိပါကြောင်း၊ ထိုပြည်သူလူထုကို မေးကြည့်၍ရနိုင်ပါကြောင်း၊ ၎င်းတို့ မည်မျှလောက်မုန်းနေမည်လဲ။ ထို့ကြောင့် မိမိပြောလိုသည်မှာ ယင်းအရာများကို မိမိတို့အနေဖြင့် တိုက်ဖျက်နေရမှာဖြစ်ကြောင်း၊ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ပတ်သက်မှုများစွာရှိနိုင်မည်ဖြစ်ကြောင်း၊ အရှေ့မြောက်ဒေသတွင်လည်း သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ပတ်သက်နေသည့်သူများ ရှိနိုင်မှာပဲဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အစည်းထဲတွင်လည်းရှိကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အစည်းများတွင်လည်းရှိကြောင်း၊ မိမိတို့အနေဖြင့် အရေးယူပြီးပြီဖြစ်ကြောင်း၊ တော်တော်ကြီးကြီးမားမားကို အရေးယူဆောင်ရွက်ထားခြင်းရှိကြောင်း၊ အလားတူပင် မိမိတို့ အိမ်နီးနားချင်းနိုင်ငံများမှာလည်း ၎င်းတို့၏သတင်းများကိုထုတ်ပြန်သည်ဖြစ်စေ၊ မထုတ်ပြန်သည်ဖြစ်စေ အရေးယူရသည်များရှိပါကြောင်း၊ အစိုးရအဖွဲ့အစည်းများတွင် ပါဝင်နေသည့်လူများ ကိုယ်တိုင်ကပင် အွန်လိုင်းလိမ်လည်မှုလုပ်ဆောင်နေမှန်းမသိကြပါကြောင်း၊ အပေါ်ယံဖုံးကွယ်ထားသည်များ အများအပြားရှိကြောင်း၊ ထို့ကြောင့် မိမိတို့ပြောလိုသည်မှာ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ မိမိတို့အနေဖြင့် ဆက်လက်ပြီး အရေးယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိပြောလိုသည်မှာ မကောင်းသည့်သွေးများကို ဖောက်ထုတ်ရမည်ဖြစ်ကြောင်း၊ ဆူးစူးခြင်းကြောင့် ပြည်တည်တည်၊ ခလုတ်တိုက်ခြင်းကြောင့် ပြည်တည်တည်၊ ဗိုင်းရပ်ပိုးဝင်ခြင်းကြောင့် ပြည်တည်တည်၊ ပြည်တည်ပြီဆိုလျှင်တော့ ဖောက်ထုတ်ရမည်ဖြစ်ကြောင်း၊ ဖောက်မထုတ်၍လည်း မရနိုင်ပါကြောင်း၊ နောက်တစ်ချက်အနေဖြင့် EAOs များနှင့် ပတ်သက်၍ ပွင့်ပွင့်လင်းလင်းပြောရမည်ဆိုလျှင် ၎င်းတို့သည် တိုင်းရင်းသားအရေး၊ လူမျိုးအရေး၊ ဖယ်ဒရယ်အရေးဟူ၍ အကြောင်းပြချက်ပေါင်းများစွာပေးကြောင်း၊ လက်တွေ့တွင် ၎င်းတို့၏ စီးပွားရေးသာ လုပ်ကိုင်နေကြခြင်းဖြစ်ကြောင်း၊ မြေရှားထွက်သော နေရာများတွင် မြေရှားများကို ခိုးထုတ်မည်ဖြစ်ကြောင်း၊ ရေနံထွက်သော နေရာဆိုလျှင်လည်း ရေနံများ ခိုးထုတ်မည်ဖြစ်ကြောင်း၊ သစ်ထွက်သောနေရာများတွင်လည်း သစ်ခိုးထုတ်နေမည်သာဖြစ်ကြောင်း၊ ၎င်းတို့အဖွဲ့အစည်း ရပ်တည်ရေးဟု ပြောမည်ဖြစ်ကြောင်း၊ ၎င်းတို့အဖွဲ့အစည်းရပ်တည်ရေးဟုဆိုလျှင် ၎င်းတို့အဖွဲ့အစည်း၏ လက်အောက်တွင်ရှိသောအဖွဲ့ဝင်များ၊ ပြည်သူလူထုများသည် မည်မျှပြောင်ပြောင်ရောင်ရောင် ဖြစ်နေ၊ ချမ်းသာနေပါသလဲ။ မိမိအနေဖြင့် ပွင့်ပွင့်လင်းလင်းပြောမည်ဆိုလျှင် ကချင်ပြည်နယ်အတွင်းမှာ KIA မှ ဖောက်လုပ်ပေးထားသော ပြည်ထောင်စုလမ်းမကြီးများမည်မျှရှိသနည်း။ ရထားလမ်းများလည်း မည်သည်လောက်ထိရှိသနည်း။ ထိုကဲ့သို့ပင် ကရင်ပြည်နယ်အတွင်းမှာလည်း KNU မှ ဖောက်လုပ်ပေးထားသည့် ပြည်ထောင်စုလမ်းမကြီးများ မည်မျှခန့်ရှိသနည်း။ ရထားလမ်းများလည်း မည်မျှရှိသနည်း။ ပြည်သူလူထုများ နေထိုင်နိုင်ရန်အတွက် လူနေအိမ်များမည်မျှရှိပါသနည်း။ သို့သော်လည်း ထိုနေရာများတွင်ရှိသည့် အရာများကို ၎င်းတို့အနေဖြင့် ရယူခံစားနေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် EAOs များကို မိမိတိုက်တွန်းလိုသည်မှာ NCA ဟူသောလမ်းကြောင်းသည် ရှိနေပြီးသားဖြစ်ကြောင်း၊ NCA ကို မိမိတို့ရေးဆွဲထားခြင်းမဟုတ်ကြောင်း၊ EAOs အဖွဲ့များကသာ နိုင်ငံတကာအသိုင်းအဝိုင်းများအပါအဝင် ပထမဆုံးရေးဆွဲထားခြင်းဖြစ်ကြောင်း၊ အခိုင်အမာရှိနေသည့် NCA လမ်းကြောင်းပေါ်မှ သူတစ်ပါး၏သွေးထိုးလှုံ့ဆော်မှုများကြောင့် မည်သည့်အတွက် ဆင်းချင်ရပါသလဲ၊ NCA လမ်းကြောင်းပေါ်တွင်ရှိနေပါက နိုင်ငံတကာ၏ အကာအကွယ်၊ နိုင်ငံတော်၏ အကာအကွယ်၊ ပြည်သူလူထု၏အကာအကွယ်ကို ရရှိနိုင်ကြောင်း၊ ထိုလမ်းကြောင်းပေါ်မှ ဆင်းချင်သည်ကို မိမိအနေဖြင့် အံ့သြမဆုံးဖြစ်ရပါကြောင်း၊ မိမိအနေဖြင့် တိုက်တွန်းလိုသည်မှာ ပြည်သူလူထုများသည် မိမိတို့နှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ နံပါတ်တစ်အချက်အနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်၍ ပုန်းကွယ်ရာမပေးကြရန်၊ မသိချင်ယောင်မဆောင်ကြရန်၊ မိမိတို့နိုင်ငံတော်အစိုးရအနေဖြင့်လည်း ယခုလုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပါဝင်ပတ်သက်နေသည့် EAOs အဖွဲ့များကိုလည်း လမ်းအမှန်ကို ပြန်လည်လျှောက်လှမ်းကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**NHK ဂျပန်ရုပ်မြင်သံကြားဌာနမှ ဒေါ်ခင်မိုမိုမြင့်** က ရွေးကောက်ပွဲနှင့်ပတ်သက်၍ နိုင်ငံတကာလူ့အဖွဲ့အစည်းများမှ ယခုရွေးကောက်ပွဲသည် တရားမျှတမှုမရှိဘဲ အတင်းအကျပ်လုပ်ဆောင်နေသည်ဟု ဝေဖန်နေပါကြောင်း၊ ယင်းအချက်နှင့် ပတ်သက်၍ဖြေကြားပေးစေလိုပါကြောင်း၊ ယင်းဝေဖန်မှုကို မည်ကဲ့သို့ထင်မြင်ယူဆပါသလဲ၊ ယခုရွေးကောက်ပွဲသည် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်မည်ဟု ထင်ပါသလား သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် တော်တော်မြင့်သည့် စကားလုံးဟု ပြောရမည်ဖြစ်ကြောင်း၊ ယခုမေးခွန်းကို ပြန်လည်မဖြေကြားမီ မိမိအနေဖြင့် အရင်မေးခွန်းတစ်ခု မေးမြန်းလိုပါကြောင်း၊ သတင်းထောက်ကြီးမေးတဲ့ နိုင်ငံတကာလူ့အဖွဲ့အစည်းစံနှုန်းဆိုသည်မှာ ဘာလဲ၊ NHK သတင်းဌာနက သတ်မှတ်ထားသည့် နိုင်ငံတကာလူ့အဖွဲ့အစည်းဆိုတာ ဘယ်လို စံနှုန်းလဲဆိုသည်ကို မိမိအနေဖြင့် မေးခွန်းထုတ်လိုကြောင်း၊ မိမိတို့မြန်မာနိုင်ငံ၏လူ့အဖွဲ့အစည်းများကို NHK သတင်းဌာနက ပေမမီ ဒေါက်မမီ၊ ကျပ်မပြည့်တဲ့လူ့အဖွဲ့အစည်းဖြစ်သည်ဟု ယူဆပါသလား၊ ထိုကဲ့သို့မဟုတ်ဘူးထင်ကြောင်း၊ ထိုသို့ယူဆပါက ထိုယူဆချက်ကို ပထမဆုံးပြင်စေလိုကြောင်း၊ ရွေးကောက်ပွဲကို အတင်းအကျပ်လုပ်စရာမလိုကြောင်း၊ မိမိအပါအဝင် သတင်းထောက်ကြီးနှင့် ပြည်သူလူထုများပါ မြင်တွေ့နေတာဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို အတင်းအကျပ်လုပ်၊ တုတ်နဲ့ရိုက်၍ မဲလာမထည့်မနေရ၊ ရွေးကောက်ပွဲကို မထောက်ခံဘဲမနေရဟူ၍ မလုပ်ထားပါကြောင်း၊ လုပ်စရာလည်း အကြောင်းမရှိပါကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြည်သူလူထုသိရှိအောင် နေ့စဉ်ထုတ်လွှင့်နေပါကြောင်း၊ ရွေးကောက်ပွဲကိုပြည်သူလူထုဘယ်လောက်ထိ လိုလားတယ်ဆိုသည်ကို သိနိုင်ကြောင်း၊ မလိုလားတဲ့ ပြည်သူလူထုလည်းရှိနိုင်သည်ကို မိမိအနေဖြင့် မငြင်းလိုပါကြောင်း၊ လိုလားတဲ့ပြည်သူလူထုက ပို၍များနိုင်သည်ဟု ပြောကြားလိုပါကြောင်း၊ နောက်တစ်ခုအနေဖြင့် ရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ ပြည်သူလူထုအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာအတွက် လုပ်ဆောင်နေခြင်းမဟုတ်ကြောင်း၊ မြန်မာနိုင်ငံအတွက် အစိုးရတာဝန်ပေးရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ မိမိပြောလိုသည်မှာ ရွေးကောက်ပွဲသည် မြန်မာပြည်သူလူထုကို ဗဟိုပြုသည့် ရွေးကောက်ပွဲဖြစ်ပါကြောင်း၊ မြန်မာပြည်သူလူထု မဲပေးနိုင်ရေးသည်သာ အရေးကြီးကြောင်း၊ နိုင်ငံတကာက ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ အရေးမပါကြောင်း၊ မိမိတို့ ရွေးကောက်ပွဲကို မိတ်ဖက်နိုင်ငံများက ကူညီပေးခြင်း၊ ထောက်ခံပေးခြင်းများရှိကြောင်း၊ မြန်မာနိုင်ငံ၏ ကောင်းရာကောင်းကျိုးအတွက် မည်ကဲ့သို့ အကူအညီပေးရမည်ကိုလိုလားပြီး ဆောင်ရွက်နေသည်များရှိကြောင်း၊ ထို့ကြောင့် အပြစ်တင်လိုသူများက အပြစ်တင်နိုင်ကြောင်း၊ မိမိတို့အနေဖြင့် မူလရည်မှန်းချက်ဖြစ်သော ပါတီစုံဒီမိုကရေစီစနစ်ကို ပြန်သွားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးကို မလွဲမသွေ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရားမျှတမှုရှိ၊ မရှိဆိုသည်ကိုတော့ ရွေးကောက်ပွဲအခြေအနေ သုံးရပ်လုံး ကြည့်ရန်လိုကြောင်း၊ ရွေးကောက်ပွဲကနဦးအခြေအနေ၊ ရွေးကောက်ပွဲလုပ်တဲ့အချိန်မှာ မည်ကဲ့သို့ လုပ်ခဲ့လဲ၊ ရွေးကောက်ပွဲပြီးတဲ့အချိန်မှာ ဘယ်လိုလုပ်ခဲ့လဲ၊ အခြေအနေသုံးရပ်လုံးဆောင်ရွက်ပြီးမှသာ သုံးသပ်တာ ကောင်းမည်ဖြစ်ကြောင်း၊ ဘာမျှမလုပ်ရသေးဘဲ တရားမျှတသောရွေးကောက်ပွဲမဖြစ်နိုင်၊ တရားမမျှတသော ရွေးကောက်ပွဲမဖြစ်နိုင်ဟု ပြောဆိုနေကြသည်မှာ တရားနည်းလမ်းကျသော ဆုံးဖြတ်ချက်မျိုး၊ သုံးသပ်ချက်မျိုး မဟုတ်ကြောင်း ပြန်လည်ဖြေကြားသည်။

**သူရိယနေဝန်းဂျာနယ်မှ အမှုဆောင်အယ်ဒီတာချုပ် ဦးမိုးဟိန်း** က မြန်မာနိုင်ငံ၏ ပြည်သူလူထုကြား၊ နိုင်ငံတကာအကြားအထူးစိတ်ဝင်စားနေသော မေးခွန်းတစ်ခုရှိပါကြောင်း၊ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရွေးကောက်ပွဲအလွန်ကာလတွင် ပါဝင်ဆောင်ရွက်မည့် နိုင်ငံရေးအခန်းအကျင်း၊ ပါဝင်ဆောင်ရွက်မည့် အခန်းကဏ္ဍကို မေးမြန်းလိုပါကြောင်း၊ ယခုကဲ့သို့ မေးမြန်းနိုင်ရန် သူရိယနေဝန်းမီဒီယာမှ လူထုကြားတွင် မြေပြင်/အွန်လိုင်းမှတစ်ဆင့် လူထုသဘောထားကို ၃ လခန့် ကွင်းဆင်းကောက်ယူခဲ့ပါကြောင်း၊ ကောက်ခံရရှိသည့် လူထုအများစုမှာ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ နိုင်ငံတော်တွင် ကြုံတွေ့နေရသည့် ဘက်စုံအကျပ်အတည်းဖြစ်စဉ်တွင် ပြည်ထောင်စုမပြိုကွဲစေရန် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဦးဆောင်မှုအခန်းကဏ္ဍသည် အလွန်အရေးပါပြီး ကျေးဇူးတင်ရှိနေကြသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲအောင်မြင်ပြီး လွှတ်တော်များပေါ်ပေါက်လာသည့်အခါ လွှတ်တော်များ၏ရွေးချယ်မှုအရလည်းကောင်း၊ ရရှိသည့် လူထုဆန္ဒသဘောထားအရလည်းကောင်း ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ဆက်လက်ထမ်းဆောင်စေလို၍ ကမ်းလှမ်းခဲ့ပါက နိုင်ငံတော်ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် သမ္မတကြီးတာဝန်ကို ဆက်လက်ထမ်းဆောင်ရန် အနေအထားမျိုး မြင်တွေ့ရနိုင်ပါသလား၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်တိုင်ကလည်း လူထုက ပေးအပ်လာသော၊ လွှတ်တော်က ပေးအပ်လာသော နိုင်ငံတော်သမ္မတရာထူးကို ထမ်းဆောင်ရန်အသင့်အနေအထားမျိုးဆန္ဒရှိပါသလားဟူသော မေးခွန်းကို သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းကို မေးမြန်းလိုပါကြောင်းနှင့် ဖြေကြားပေးစေလိုပါကြောင်း မေးမြန်းသည်။

## သမ္မတရွေးချယ်ရေးအဖွဲ့ဖြင့် ရွေးချယ်ပြီးပါက အဆင့်ဆင့်မဲပေးရ

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယခုမေးခွန်းသည် ပုဂ္ဂလိကနှင့်ဆိုင်သော မေးခွန်းဖြစ်သောကြောင့် မိမိအနေဖြင့် မိမိသိသလောက်အထောက်အထားရှိသလောက်သာ ဖြေကြားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် ယခင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ထမ်းဆောင်သည့်အချိန် ၂၀၁၄ ခုနှစ်ခန့်ကတည်းက ပြောကြားခဲ့သည်များ ရှိကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမတိုင်မီကာလတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် နိုင်ငံရေးကာလတွင် ဘယ်လိုပါဝင်မလဲဆိုသည်ကို မီဒီယာများက မေးမြန်းခဲ့မှုများရှိကြောင်း၊ ထိုအချိန်ကလည်း ပြောခဲ့ဖူးပါကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင်ကလည်း ယခင်ကတည်းက နိုင်ငံတော်၏တာဝန်အဆင့်ဆင့်ကို ၎င်းကိုယ်တိုင်တာဝန်ယူခဲ့ဖူးကြောင်း၊ နိုင်ငံတော်၏တာဝန်အဆင့်ဆင့်ဆိုသည်မှာ ယခင်တုန်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နဝတခေတ်၊ နယကခေတ်မိခဲ့သောကြောင့် နယ်ဘက်တာဝန်များကို တိုင်းပြည်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှာလည်း ဥက္ကဋ္ဌအဖြစ်တာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ကိုလည်း ထမ်းဆောင်နေခြင်းဖြစ်သောကြောင့် အတွေ့အကြုံများစွာရှိကြောင်း၊ နိုင်ငံတော်က တာဝန်ပေးလာပါကလည်း နိုင်ငံတော်အတွက် ၎င်း၏အတွေ့အကြုံများကို အသုံးချ၍ လုပ်ဆောင်သွားမည်ဆိုသည့် စကားကိုလည်း ပြောခဲ့ဖူးပါကြောင်း၊ ယင်းအကြောင်းအရာများကို မိမိအနေဖြင့်ပြန်လည်ကိုးကား၍ ပြောလိုပါကြောင်း၊ သမ္မတရွေးချယ်မှုအနေဖြင့် တစ်ဦးချင်းအနေဖြင့် နိုင်ငံတော်သမ္မတကို လုပ်ချင်ပါတယ်လို့လည်းပြောလို့မရပါကြောင်း၊ မလုပ်ချင်ပါဘူးဟူ၍လည်း ပြောလို့မရပါကြောင်း၊ ဥပဒေအတိုင်းသာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆိုလိုသည်မှာ လုပ်ချင်ပါတယ်ဆိုတိုင်းလည်း ဥပဒေနှင့်မညီလျှင် မဖြစ်နိုင်ကြောင်း၊ မလုပ်ချင်ပါဘူးဆိုတိုင်းလည်း ရွေးကောက်တင်မြှောက်ခံရပါက မလုပ်၍ မရပါကြောင်း၊ လုပ်ချင်ပါတယ်လို့ဆိုတိုင်းလည်း မဖြစ်တဲ့သူများကိုလည်း ရှေ့မှာလည်း တွေ့ခဲ့ဖူးပြီဖြစ်ကြောင်း၊ သမ္မတရွေးချယ်ရာတွင် အခြေခံအချက်များရှိပါကြောင်း၊ အခြေခံအချက်အလက်များမှာ ပြည်သူလူထုက ရွေးချယ်လိုက်သည့် လွှတ်တော်အမတ်ကိုယ်စားလှယ်များမှတစ်ဆင့် ဒုတိယသမ္မတကို ရွေးချယ်ရကြောင်း၊ သမ္မတရွေးချယ်တင်မြှောက်ခြင်းကိစ္စသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင်ပါရှိပြီးဖြစ်ကြောင်း၊ သမ္မတရွေးချယ်ရေးအဖွဲ့ဖြင့် ရွေးချယ်ပြီးပါက အဆင့်ဆင့်မဲပေးရကြောင်း၊ မဲပေးပြီး သမ္မတဖြစ်လာပါက ဥပဒေအရအကျုံးဝင်သဖြင့် သမ္မတတာဝန်ထမ်းဆောင်နိုင်ပါကြောင်း၊ မိမိအနေဖြင့် အနှစ်ချုပ်ပြောကြားလိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ ဖြစ်ပါလိမ့်မည်ဟုသာ ပြောလိုပါကြောင်း ပြောကြားသည်။

သတင်းစဉ်

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် တတိယအကြိမ် အဆိုပြိုင်ပွဲ ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်

**မန္တလေး ဒီဇင်ဘာ ၁၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာနမှ ကြီးမှူးကျင်းပသော တတိယအကြိမ် နောက်ဆုံးအဆင့် အဆိုပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မြို့တော်ခန်းမတွင် ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်(၁) ဦးမြင့်ဦး၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်း၊ ဌာနအလိုက် အရာထမ်း၊ အမှုထမ်းများ တက်ရောက်အားပေးကြသည်။

အဆိုပါ နောက်ဆုံးအဆင့် အဆိုပြိုင်ပွဲကို ၇၆ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး နောက်ဆုံးအဆင့်အဖြစ် ပြိုင်ပွဲဝင်အဆိုရှင် ၂၁ ဦး ရွေးချယ်ပေးပြီး ယှဉ်ပြိုင်ကြရာ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာနမှ ဦးဝေယံမောင်မောင်က ပထမဆုကိုလည်းကောင်း၊ အဆောက်အအုံနှင့်ကုန်ရုံဌာနမှ ဒေါ်လွင်ချမ်းမြေ့က ဒုတိယဆုကိုလည်းကောင်း၊ အဆောက်အအုံနှင့်ကုန်ရုံဌာနမှ ဦးကျော်ကျော်ထွန်းက တတိယဆုကိုလည်းကောင်း၊ နှစ်သိမ့်ဆုများ အသီးသီးရရှိကြရာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဒေါ်နွယ်နွယ်ထွန်း၊ ဒုတိယဌာနမှူး ဒေါ်တင်တင်အောင်တို့က အနီးကပ်ကြီးကြပ်ပြီး ဒိုင်များအဖြစ် ဒေါ်နှင်းနှင်းဖြူ အနုပညာရှင်(၁)၊ ဦးမင်းသူ(မြို့မဂီတမှူး)၊ ဦးအောင်ကျော်ဆန်း(ယဉ်ကျေးမှု)တို့က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ် ၆)




# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် သန့်ရှင်းရေးဌာနမှ ကြီးမှူး၍ ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲများကို ယနေ့ နံနက် ၈ နာရီက ချမ်းမြသာစည်မြို့နယ် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ပိုက်ကျော်ခြင်းအားကစားကွင်းတွင် ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်(၁)ဦးမြင့်ဦး၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်း၊ ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်းများနှင့် အမှုထမ်းများ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲတွင် ပထမပွဲစဉ် စက်ရုံနှင့်မော်တော်ယာဉ်ဌာန(က)အသင်းနှင့် စက်ရုံနှင့်မော်တော်ယာဉ်ဌာန(ခ)အသင်းတို့ တတိယနေရာလုပွဲစဉ်ကိုလည်းကောင်း၊ ဗိုလ်လုပွဲစဉ်တွင် ဈေးနှင့်သားသတ်ဌာန(က)အသင်းနှင့် သန့်ရှင်းရေးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီးနောက် ဆုပေးပွဲကို ကျင်းပရာ တတိယဆုရ စက်ရုံနှင့်မော်တော်ယာဉ်(က)အသင်းကိုလည်းကောင်း၊ ဒုတိယဆု သန့်ရှင်းရေးဌာနအသင်းကိုလည်းကောင်း၊ ပထမဆုရ ဈေးနှင့်သားသတ်ဌာန(က)အသင်းတို့ကို မန္တလေးမြို့တော်ဝန်က ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် အခွန်ဌာနမှ ကြီးမှူး၍ ဖူဆယ်ဘောလုံးပြိုင်ပွဲစဉ်များ ကျင်းပနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ် ၃)

၀-၀-၀-၀-၀



- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် လွန်ဆွဲအားကစားပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနမှ ကြီးမှူး၍ အမျိုးသား၊ အမျိုးသမီးလွန်ဆွဲအားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တွင် ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်(၁) ဦးမြင့်ဦး၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်း၊ ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်းများနှင့် အမှုထမ်းများ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အမျိုးသားလွန်ဆွဲပြိုင်ပွဲအကြို ဗိုလ်လုပြိုင်ပွဲများတွင် ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနအသင်းနှင့် စက်ရုံနှင့်မော်တော်ယာဉ်ဌာန(က)အသင်း၊ ဈေးနှင့်သားသတ်ဌာနအသင်းနှင့် စက်ရုံနှင့်မော်တော်ယာဉ်ဌာန(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး အမျိုးသမီးပွဲစဉ်တွင် အဆောက်အအုံနှင့်ကုန်ရုံဌာနအသင်းနှင့် ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနအသင်း၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနအသင်းနှင့် စီမံရေးရာဌာနအသင်းတို့ အကြိုဗိုလ်လုပွဲများ ကစားခဲ့ကြသည်။

လွန်ဆွဲပြိုင်ပွဲတွင် အမျိုးသားလွန်ဆွဲပြိုင်ပွဲဝင်အသင်း ကိုးသင်း၊ အမျိုးသမီးလွန်ဆွဲပြိုင်ပွဲဝင်အသင်း ခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး အမျိုးသား၊ အမျိုးသမီးပွဲစဉ်များကို ဒီဇင်ဘာ ၂၃ ရက်တွင် ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (မန္တလေးနေ့စဉ် ၃)



# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲ ကျင်းပ



**မန္တလေး ဒီဇင်ဘာ ၁၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ခြောက်ထပ်ဆောင်တွင် ကျင်းပပြုလုပ်သည်။

စစ်တုရင်ပြိုင်ပွဲ ပထမနေ့တွင် ဌာနပေါင်းစုံမှ ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်ကြပြီး သတ်မှတ်ထားသည့် စည်းကမ်းများအတိုင်း လိုက်နာကစားရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကို ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ ရက် နှစ်ရက်ကျင်းပသွားမည်ဖြစ်သည်။

စစ်တုရင်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်သူ ၂၈ဦး ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၈ ရက်တွင် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ် ၈)

၀-၀-၀-၀-၀



## မန်းရွှေစက်တော်ဘုရားကြီးရှိ အောက်စက်တော်ရာ(ခြေတော်ရာ)အား သွားရောက်ဖူးမြော်နိုင်ရန် ဘေလီသံပေါင်တံတားတစ်စင်း တပ်ဆင်

**မင်းဘူး ဒီဇင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကာလ အောက်စက်တော်ရာ(ခြေတော်ရာ)အား အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများ အဆင်ပြေစွာ သွားရောက်ဖူးမြော်နိုင်စေရန် ယာယီဘေလီ သံပေါင်တံတားတစ်စင်းကို ဒီဇင်ဘာ ၁၄ ရက်မှ စတင်၍ တပ်ဆင်ဆောင်ရွက်လျက်ရှိကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

မန်းရွှေစက်တော်ဘုရားကြီးရှိ အောက်စက်တော်ရာ(ခြေတော်ရာ)အား ဘုရားဖူးလာရောက်ကြသူများ အဆင်ပြေချောမွေ့စွာ သွားရောက်ဖူးမြော်နိုင်စေရန်အတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ တံတားတပ်ဆင်ရာတွင် ယခင်နှစ်က အသုံးပြုခဲ့သော တံတားအကျယ် ၁၂ ပေ ၈ လက်မ၊ အရှည်ပေ ၁၀၀ ရှိ ယာယီဘေလီသံပေါင်တံတားတစ်စင်းကို နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ လှူဒါန်းမှုဖြင့် ဘုရားပွဲတော် ကျင်းပစဉ်ကာလတစ်လျှောက် အသုံးပြုဆောင်ရွက်သွားမည်ကြောင်း၊ တံတားတပ်ဆင်ခြင်းလုပ်ငန်းများကို မင်းဘူးခရိုင်နှင့် မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ခံများ ကြီးကြပ်၍ ဒီဇင်ဘာ ၁၄ရက်မှ စတင်ပြီး တပ်ဆင်ဆောင်ရွက်နေကာ ဘေလီသံပေါင်တံတား တပ်ဆင်ချိန်မှာ ၁၂ ခန့်သာ ကြာမြင့်မည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုက ပြောသည်။

မန်းရွှေစက်တော်ရာ ပါဒစေတီတော်ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို လာမည့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်မှ ဧပြီ ၁၇ ရက်အထိ ရက်ပေါင်း ၈၆ ရက်ကြာ အစဉ်အလာမပျက်စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများကို တည်းခိုဆောင်များတွင် ညအိပ်တည်းခိုနားနေခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ) (၅၀၀)**

## မြန်မာနိုင်ငံမှ တရုတ်သို့ တင်ပို့ရန် GACC တွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီနှင့်စက်ရုံပေါင်း ၁၈၀၀ ကျော် ရှိလာ

**မန္တလေး ဒီဇင်ဘာ ၁၇**

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့တင်ပို့ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်အခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့(GACC)တွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီနှင့်စက်ရုံပေါင်းမှာ အောက်တိုဘာလကုန်အထိ ၁၈၂၄ ခု ရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုမ္ပဏီနှင့် စက်ရုံများမှ Competent Authority ထောက်ခံချက် လိုအပ်သည့် ကုန်စည်အုပ်စုနှင့် ကိုယ်တိုင်ဝင်ရောက် လျှောက်ထားသည့် ကုန်စည်အုပ်စုအပါအဝင် စုစုပေါင်းစောင်ရေ ၃၇၉၅ စောင်မှာ မှတ်ပုံတင်ရန် လျှောက်ထားပြီးဖြစ်သည်ဟု ဆိုသည်။

"၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၂၅ ခုနှစ် အောက်တိုဘာလကုန်အထိ စာရင်းတွေအရ ကုမ္ပဏီနဲ့စက်ရုံ ၁၈၂၄ ခုက ပေးပို့ထားတဲ့ စောင်ရေစုစုပေါင်း ၃၇၉၅ စောင်က မှတ်ပုံတင်လျှောက်ထားပြီး ဖြစ်ပါတယ်။ အဲ့ဒီထဲမှာ ၁၁၅၆ စောင်ကို မှတ်ပုံတင်ခွင့်ပြုထားပြီးပါပြီ"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

လျှောက်ထားသည့်စာရင်းများအရ စိုက်ပျိုးရေးဌာနမှ ကုမ္ပဏီ ၁၆၄၈ ခုမှ ၃၆၁၉ စောင်၊ ငါးလုပ်ငန်းဦးစီးဌာနမှ ကုမ္ပဏီ၊ စက်ရုံ ၁၅၃ ခုမှ ၁၅၃ စောင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကုမ္ပဏီ ၁၄ ခုမှ ၁၄ စောင်နှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ကုမ္ပဏီကိုးခုမှ ကိုးစောင် စုစုပေါင်း ၃၇၉၅ စောင် ဖြစ်သည်။

GACC ၏ ကြေညာချက်အရ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှစတင်၍ မြန်မာနိုင်ငံမှ တရုတ်သို့ စားသောက်ကုန်တင်ပို့သည့်(သို့မဟုတ်)တင်ပို့မည့် လုပ်ငန်းရှင်များအနေဖြင့် GACC တွင် မှတ်ပုံတင်ပြီးမှသာ တင်ပို့ခွင့်ပြုခဲ့ကြောင်း၊ မှတ်ပုံတင်ရမည့် ကုန်စည်အမျိုးအစား ၁၈ ခု ဖြစ်ကြောင်း သိရသည်။**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**



## သမဝါယမဦးစီးဌာန၌ အငြိမ်းစားဝန်ထမ်းများအား ဂါရဝပြုပွဲ ကျင်းပ



**မန္တလေး ဒီဇင်ဘာ ၁၇**

မန္တလေး၊ အမရပူရမြို့နယ်၊ သမဝါယမဦးစီးဌာနရုံး၌ ဒီဇင်ဘာ ၁၂ ရက် နံနက် ၁၁ နာရီက လာမည့် ဒီဇင်ဘာ ၁၈ ရက်တွင် ကျရောက်မည့် မြန်မာ့သမဝါယမစတင်ခြင်း (၁၂၁) နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်နေ့အဖြစ် အငြိမ်းစားဝန်ထမ်းများအား ဂါရဝပြုပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် အမရပူရမြို့နယ် သမဝါယမဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားဝန်ထမ်းကြီးများက မှာကြားခဲ့ကြသည်။ ဆက်လက်၍ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်လေးနှင့်ဝန်ထမ်းများက ဂါဝရပြုကန်တော့ကြပြီး အမှတ်တရ လက်ဆောင်များ ပေးအပ်ကြသည်။

ထို့နောက် အမရပူရမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိက ပင်စင်စားဝန်ထမ်းများအတွက် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ပြောကြားခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၀၈၄)**

## စားသောက်ဆိုင်များတွင် မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**မြို့သစ် ဒီဇင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ စားသောက်ဆိုင်များတွင် မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်စင် ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဝေလင်းကျော်နှင့် အဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ စားသောက်ဆိုင်များတွင် မီးဘေးလုံခြုံရေးအတွက် မီးသတ်ဆေးဘူးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်စွာ ထားရှိစေရေး၊ မီးဘေးလုံခြုံရေး ထောက်ခံချက် (FSC) ထုတ်ပေးနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးကာ မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝင်းအိစွန်(ပြန်/ဆက်)**

*-*-*-*-*-*-*



## ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်း ကွင်းဆင်းစစ်ဆေးခြင်း

**သာစည် ဒီဇင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဇီးပင်ပေါက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းဖြင့် ဒေသအသားတိုးနွားမွေးမြူရေးဖြင့် အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဇီးပင်ပေါက်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ကျေးလက်တောသူအဖွဲ့၊ နိုင်ငံ့သားကောင်းအဖွဲ့၊ ရွှေဇီးသားလေးအဖွဲ့နှင့် တိုးတက်မြန်မာအဖွဲ့လေးဖွဲ့မှ ဒေသအသားတိုးနွားမွေးမြူရေး လုပ်ငန်းသတ်မှတ်အကောင်ရေပြည့်မီခြင်း ရှိ၊ မရှိ ဆိုင်းဘုတ်စိုက်ထူဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း(RBF)နှင့် ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ (RBF) စီမံကိန်း ခွင့်ပြုငွေကျပ် သိန်း ၃၀၀၊ အစုအဖွဲ့များ ထည့်ဝင်ငွေကျပ် သိန်း ၁၀၀ တို့ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်သူများ၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သော အရင်းအနှီး ရရှိစေရန် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တက်စေရန် ရည်ရွယ်၍ RBF စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ပြောသည်။

**(ဝဲပုံ)**

**အောင်ရဲကျော်**

# အဂတိတရား၏ အဆိပ်သင့်ဒဏ်ရာများနှင့် ကိုယ်ကျင့်သိက္ခာ

တိုင်းပြည်တစ်ပြည်၏ တိုးတက်မှုကို မိုးမျှော်တိုက်ကြီးများ၊ ကျယ်ဝန်းသော လမ်းမကြီးများဖြင့် တိုင်းတာ၍ မရကောင်းပေ။ နိုင်ငံတွင် နေထိုင်ကြသော ပြည်သူလူထု၏ 'ကိုယ်ကျင့်တရားစံနှုန်း' နှင့် 'တရားမျှတမှုအပေါ် ယုံကြည်စိတ်' သည်သာလျှင် စစ်မှန်သော ဖွံ့ဖြိုးတိုးတက်မှု၏ နှလုံးသည်းပွတ်ဖြစ်သည်။သို့သော် ကျွန်ုပ်တို့လူ့ဘောင်အဖွဲ့အစည်းအကြားတွင် 'အဂတိလိုက်စားမှု' ဟူသော ကင်ဆာဆဲလ်များ တိတ်တဆိတ် တွယ်ကပ်နေဆဲ ဖြစ်နေသည်ကို ဝမ်းနည်းစွာ တွေ့မြင်ရသည်။

နိုင်ငံတကာစံနှုန်းများကို လေ့လာကြည့်ပါက စင်ကာပူ၊ နော်ဝေ၊ ဒိန်းမတ် အစရှိသော နိုင်ငံများသည် သယံဇာတကြွယ်ဝခြင်းထက် 'ယုံကြည်စိတ်ချရမှု' ကြွယ်ဝခြင်းကြောင့် ကမ္ဘာ့ထိပ်တန်းသို့ ရောက်ရှိခဲ့ကြရသည်။ ကမ္ဘာကျော်စီးပွားရေးပညာရှင်များက 'အဂတိလိုက်စားမှုသည် ဆင်းရဲမွဲတေမှု၏ မိခင်' ဟု တင်စားကြသည်။ နိုင်ငံတကာတွင် အဂတိလိုက်စားမှုကို ငွေကြေးပြဿနာ သက်သက်ဟု မရှုမြင်ဘဲ 'လူ့ဂုဏ်သိက္ခာ ချိုးဖောက်မှု' တစ်ရပ်အဖြစ် ရှုမြင်ကြသည်။

ကျွန်ုပ်တို့ မြန်မာလူမျိုးများသည် 'စေတနာ' နှင့် 'သဒ္ဓါတရား' ကို အရင်းခံသော လူမျိုးများဖြစ်ကြသည်။ သို့သော် ခေတ်ကာလ ရွေ့လျားလာသည်နှင့်အမျှ 'ကျေးဇူးတုံ့ပြန်ခြင်း' နှင့် 'လာဘ်ထိုးခြင်း' ဆိုသည့် အကြောင်းတရားနှစ်ခုအကြားရှိ ခပ်ဝါးဝါးစည်းပါးပါးလေးသည် နှောင်တည်းမှု ပုံသဏ္ဌာန်တစ်မျိုးအဖြစ် အမြစ်တွယ်လာခဲ့သည်။ 'ရေလိုက်ငါးလိုက်' 'ကြွေသီးကိုစား' အစရှိသည့် လှပသော စကားလုံးများဖြင့် အဂတိတရားကို တန်ဆာဆင်လာကြသည်။ ရေးမြန်မာကြီးများ လက်ကိုင်ပြုခဲ့သော 'ဟိရီ ဩတ္တပ္ပ' တရားသည်ပင် မျက်မှောက်ခေတ်ကာလတွင် ပြယ်လွင့်နေသည့် ပန်းချီကားတစ်ချပ်အလား တွေ့မြင်နေရသည်။

သာမန်ပြည်သူများသည် အဂတိလိုက်စားမှု၏ သားကောင်များပင်ဖြစ်သည်။ ဆေးရုံတွင် ခုတင်ရဖို့၊ ကျောင်းတွင် နေရာရဖို့၊ ရုံးတွင် လက်မှတ်ရဖို့အတွက် မရှိမဲ့ ရှိမဲ့ကြားမှ ပေးလိုက်ရသော ငွေကြေးသည် မိသားစုတစ်စုအတွက် ထမင်းတစ်နပ်၊ ဆေးတစ်ခွက်ဖြစ်ကောင်း ဖြစ်နေပါလိမ့်မည်။ ယင်းသို့သော အဖြစ်အပျက်များသည် အနာဂတ်လူငယ်များ၏ 'ကိုယ်ကျင့်တရားဆိုင်ရာ စံချိန်စံညွှန်းပေတံ' များရှိ ကိန်းဂဏန်းများကို လွဲမှားစေသည်။

ယခုအချိန်ကာလသည် အပြန်အလှန် အပြစ်တင်နေရကြရမည့် အချိန်မဟုတ်ဘဲ ကုစားရမည့် အချိန်ပင်ဖြစ်သည်။ 'ဖြောင့်မတ်တည်ကြည်ခြင်း' ဆိုသည့် ကိုယ်ကျင့်တရားသည် လိုက်နာကျင့်ကြံဖွယ်ရာ ဂုဏ်ဒြပ်၏အမှတ်လက္ခဏာတစ်ခုအဖြစ် မြှင့်တင်ရပါတော့မည်။ မျိုးဆက်သစ်များကို ဂုဏ်သိက္ခာရှိစွာ ကျင့်ကြံနေထိုင်ခြင်း၏ တုနှိုင်းမဲ့တန်ဖိုးအပေါ် မြတ်နိုးတတ်လာစေရန် စံနမူနာပြခြင်းနှင့်အတူ လေ့ကျင့်သင်ကြား လမ်းညွှန်ပြသရမည်သာဖြစ်သည်။ အဂတိကင်းရှင်းအောင် ရပ်တည်နေထိုင်ခြင်းသည် တရားဥပဒေအပေါ်ကြောက်ရွံ့၍ စောင့်ထိန်းခြင်းမျိုးမဟုတ်ဘဲ မိမိကိုယ်ကို တန်ဖိုးထားလေးစားခြင်းကြောင့်သာ ရောင်ကြည်လိုက်နာသည့် 'ယဉ်ကျေးမှု' တစ်ရပ် ဖြစ်ပေါ်လာစေရန် ထုထောင်ရပါမည်။ ကိုယ်ကျင့်တရားဟူသည် မြတ်နိုးဖွယ်ရာ စိတ်သတ္တိ၏ ခွန်အားပင်ဖြစ်သည်။

လူတိုင်းသည်ပင် ကြွယ်ဝချမ်းသာ လိုကြသည်မှာ သဘာဝကျသော စိတ်အခြေအနေတစ်ခုဖြစ်သည်။ သို့သော် လူ့ဘဝ၏ ကြွယ်ဝချမ်းသာမှုဆိုင်ရာ သဘောတရားကို လူတိုင်းကိုယ်စီ နားလည်နိုင်စွမ်းရှိရန် လိုအပ်ပေသည်။ ကြွယ်ဝချမ်းသာသည်ဟု ဆိုရာတွင်-

**၁။ ရုပ်ပိုင်းဆိုင်ရာ ချမ်းသာကြွယ်ဝမှု**
**(Physical Wealth)**

- ကိုယ်ခန္ဓာကျန်းမာသန်စွမ်းမှုရှိခြင်း
- နေထိုင်မှုဘဝလုံခြုံဖွေးထွေးမှုရှိခြင်း
- နေ့စဉ်လူမှုတာဝန်လုပ်ငန်းများကို လုပ်ကိုင်နိုင်စွမ်းရှိခြင်း
- အစာအာဟာရ၊ ဆေးဝါးလိုအပ်ချက်များ ပြည့်စုံမှုရှိခြင်း

**၂။ (စိတ်ပိုင်းဆိုင်ရာ ချမ်းသာမှု)**
**(Metal Emotional Wealth)**

- စိတ်ဓာတ်ကြံ့ခိုင်မှုရှိခြင်း
- စိတ်နှလုံးအေးချမ်းစွာနေထိုင်နိုင်မှုရှိခြင်း
- စိတ်ဖိစီးမှုကင်းရှင်းခြင်း

**၃။ ဉာဏ်ပညာဆိုင်ရာ ချမ်းသာကြွယ်ဝမှု**
**(Intellectual Wealth)**

- အကြောင်းကိုသိသော အသိဉာဏ်ပညာရှိခြင်း
- စဉ်ဆက်မပြတ် လေ့လာသင်ယူတတ်မှုရှိခြင်း
- ဆုံးဖြတ်နိုင်စွမ်းရှိခြင်း

**၄။ လူမှုဆိုင်ရာ ချမ်းသာမှု (Social Wealth)**

- မိသားစု၊ မိတ်ဆွေ၊ လူမှုအဖွဲ့အစည်းတွင် ပံ့ပိုးမှုရှိခြင်း
- မိမိ လူမှုအသိုင်းအဝိုင်း၏ ယုံကြည်မှုနှင့် တန်ဖိုးထားလေးစားမှုရရှိခြင်း

**၅။ ကိုယ်ကျင့်တရားနှင့် ဘာသာရေးချမ်းသာမှု**
**(Moral & Spiritual Wealth)**

- မှန်ကန်မှုနှင့် တရားမျှတမှုကို တန်ဖိုးထားလေးစားလိုက်နာတတ်ခြင်း
- ဘဝအဓိပ္ပာယ်အပေါ်မှန်ကန်စွာ သိမြင်နိုင်စွမ်းရှိခြင်း
- ဘဝ၏ ဟန်ချက်များကို ထိန်းကျောင်းနိုင်စွမ်းရှိခြင်း
- စာရိတ္တသီလနှင့် ဝါရိတ္တသီလရှိခြင်း။

**၆။ ငွေကြေးနှင့်ပစ္စည်းဆိုင်ရာချမ်းသာမှု**
**(Material & Financial Wealth)**

လူ့ဘောင်လူ့လောကတွင် ကြွယ်ဝချမ်းသာမှုသည် တစ်ဖက်တစ်လမ်းတည်းမဟုတ်ဘဲ စိတ်၊ ကိုယ်၊ ဉာဏ်၊ လူမှု၊ ဘာသာရေးနှင့် ငွေကြေးပိုင်းဆိုင်ရာများ ပေါင်းစည်းမှုတစ်ရပ်ဖြစ်သည်။

'လူတစ်ဦးချင်းစီတွင် မတူညီသော ဘဝအခြေအနေများ ဖြစ်တည်နိုင်သော်လည်း ဂုဏ်သိက္ခာနှင့် တန်ဖိုးထားမှုတို့၏ လားရာတူညီမှုသာလျှင် လူမှုဘဝသာယာမှု၏ စံနှုန်းများကို ကိုယ်၊ စိတ် နှစ်ပါး အာဟာရပြည့်ဝစွာ ခံစားရမည်သာဖြစ်သည်။'

ဖြတ်သန်းခဲ့သည့် ဘဝကာလအလျောက် မိမိ၏ 'ဓာစိတ်သန္တာန် (တစ်နည်းအားဖြင့်) နှလုံးသားစာမျက်နှာပေါ်' တွင် ဘာတွေကို ဘယ်လိုရေးထိုးနိုင်ခဲ့သလဲဟူသော မေးခွန်းမှာ လွန်စွာမှပင် အရေးကြီးပေသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ ဘဝဖြစ်စဉ် တစ်လျှောက်လုံးတွင် ရောထွေးယှက်တင်ဖြစ်နေကြသည့် အခြင်းအရာများကို 'ရွေးချယ်' နေရသည်မှာ နိစ္စဓူဝ မဖြစ်မနေ လုပ်ဆောင်နေကြရသည့် အကြောင်းကိစ္စတစ်ရပ် ဖြစ်နေသောကြောင့်ပင်တည်း။ သို့ဖြစ်၍ တော်တည့်မှန်ကန်သည့် ရွေးချယ်ရပ်တည်မှုဖြစ်စေရန်မှာ စိတ်သတ္တိ၌ ခွန်အားများ လိုအပ်ပေသည်။ မိမိကိုယ် အမြင့်မြတ်ဆုံးသော လေးစားမှု၏ ဖော်ပြချက်တစ်ရပ်လည်းဖြစ်သည်။ တရားမျှတမှုမရှိသည့် အခွင့်အရေးတစ်ရပ်အပေါ် ငြင်းပယ်လိုက်ခြင်းသည် မိမိ၏ စိတ်ဝိညာဉ်ကို ပြန်လည်ကယ်တင်လိုက်ခြင်းပင်ဖြစ်သည်။ ယင်းသို့ ကယ်တင်နိုင်စွမ်း မရှိသူတို့၏ ညအိပ်မက်များတွင် 'ဂုဏ်သိက္ခာ' ၏ အော်ညည်းသံကို ကြားနေရပေလိမ့်မည်။

ကျွန်ုပ်တို့ တည်ဆောက်လိုသော အနာဂတ်ဆိုသည်မှာ ကောင်းကင်မှ ကျလာမည့် ဆုလာဘ်တစ်ခုမဟုတ်ပါ။ ကိုယ်ကျင့်တရား မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်မှုသည် တော်လှန်ရေးတစ်ရပ်ဖြစ်သည်။ ယင်းသို့ တော်လှန်ရာတွင် မိမိအတ္တသဘာဝကို ဆောလျှင်စွာ တိုက်ခိုက်သိမ်းပိုက်နိုင်ရန် လိုအပ်ပေသည်။ သားမြေးမြစ်တို့အတွက် 'ဘေးကင်းလုံခြုံ၍ တရားမျှတသော' လူ့ဘောင်လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ပေးခဲ့ရန် အကြောင်းကိစ္စမှာ ဒီနေ့ပင် လုပ်ဆောင်ရမည့် အရေးတကြီးကိစ္စပင်ဖြစ်သည်။ ယင်းကဲ့သို့ ကြီးမြတ်လှသည့် အနာဂတ်ဘုံဌာနတစ်ခု ဖန်တီးရန် ကျွန်ုပ်တို့အားလုံးသည် 'ယနေ့မှစ၍ ကိုယ်ကျင့်တရားကို အမြင့်ဆုံးစံနှုန်းအဖြစ် စွဲမြဲစွာ လက်ခံကျင့်သုံးကြပါစို့' ဟူသော ကတိသစ္စာကို ခိုင်မြဲစွာ တည်ဆောက်ကြရမည်ဖြစ်သည်။

'ရိုးသားခြင်းသည်တံတိုင်း၊ ကိုယ်ကျင့်တရားသည်သရဖူ' ပင်ဖြစ်သည်။ ကျွန်ုပ်တို့ မျှော်လင့်သော နိုင်ငံတော်သစ်သည် အဂတိတရား၏ အမှောင်ရိပ်အောက်တွင် တည်ဆောက်၍ မရနိုင်ပေ။ သန့်ရှင်းသောလက်များ၊ ဖြောင့်မတ်သော နှလုံးသားများဖြင့်သာ တည်ဆောက်နိုင်မည် ဖြစ်ပေသည်။

သို့ပါ၍ မိမိကစ၍ အဂတိတရားများကို 'မလုပ်၊ မပါ၊ မျက်ကွယ်မပြု၊ တိုက်တွန်းမှုကင်း၊ ပတ်သက်ခြင်းများ ရှောင်ရှားကင်းစေ' ဟူသော ကောင်းမြတ်သည့် ကိုယ်ကျင့်တရား ရောင်ခြည်များဖြင့် နိုင်ငံ့ဂုဏ်ကို ထွန်းညှိကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။

မောင်ခွေနှင်း(မြန်မာစာ)

## ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၅၄၄ ဧကအထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ပွင့်ဖြူ ဒီဇင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၅၄၄ ဧကအထိ ရိတ်သိမ်းခြွေလှေ့ပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၀၀၃၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် နိုဝင်ဘာလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၅၄၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပြီး တစ်ဧကလျှင် စပါး ၉၂ ဒသမ ၇၁ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။ (ယာပုံ)

'ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ပွင့်ဖြူမြို့နယ်အတွင်း စပါး ၇၀၀၃၃ ဧက စိုက်ပျိုးဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲ့ဒီ စိုက်ပျိုးထားတဲ့ စပါးခင်းတွေကို လက်ရှိမှာ ရိတ်သိမ်းခြွေလှေ့နေကြပြီး ဒီနေ့အထိ ၁၅၄၄ ဧက ရိတ်သိမ်းခြွေလှေ့ပြီးစီးပြီ ဖြစ်ပါတယ်။ စပါးစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး တစ်နှစ်ထက်တစ်နှစ်အထွက်နှုန်းတွေ တိုးတက်အောင် လိုအပ်တဲ့စိုက်ပျိုးရေးနည်းပညာ၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ သီးနှံဖျက်ပိုးရောဂါကင်းရှင်းရေး စတဲ့ လုပ်ငန်းများကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ပါတယ်။ စပါးအချိန်မီစိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေလုံလောက်စွာရရှိအောင်၊ စိုက်ပျိုးပြီးချိန်မှာလည်း သီးနှံအောင်ရေအပြည့်အဝရရှိအောင် သက်ဆိုင်ရာ ဆက်စပ်ဌာနများနဲ့ ပူးပေါင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်' ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။ (၄၄၅)



# နိုင်ငံတကာ အားကစား သတင်းများ

## ဂရိမ်းစ်ဂါနာသည် အဲဗာတန်အသင်းတွင် ဆက်ရှိသွားမည်

**လန်ဒန် ဒီဇင်ဘာ ၁၇**

အဲဗာတန်အသင်း ကွင်းလယ်ကစားသမား ဂရိမ်းစ်ဂါနာက မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလသာဖြစ်ကြောင်း အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ပြောကြားခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား ဂရိမ်းစ်ဂါနာသည် အဲဗာတန်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၄ပွဲ ကစားပြီး တစ်ဂိုးသွင်းယူထားသည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဂရိမ်းစ်ဂါနာက "ကျွန်တော်အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ ကျွန်တော်ကိုယ်တိုင်ကလည်း ဒီအသင်းမှာ ပျော်ရွှင်နေပါတယ်။ အဲဗာတန်အသင်းက ကျွန်တော့်အတွက်တော့ ကြီးကျယ်ခမ်းနားတဲ့ အသင်းတစ်သင်းပါ"ဟု ပြောသည်။



(ဝဲပုံ)

(NGB)

0-0-0-0-0



## အက်စတွန်ဗီလာအသင်းသည် နောက်ဆုံးပြိုင်ပွဲစုံ ကိုးပွဲဆက် နိုင်ပွဲရယူနိုင်သည့် မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်

**လန်ဒန် ဒီဇင်ဘာ ၁၇**

အက်စတွန်ဗီလာအသင်းသည် နောက်ဆုံးကစားခဲ့သည့် ပြိုင်ပွဲစုံ ကိုးပွဲဆက် နိုင်ပွဲရယူနိုင်သည့် စံချိန်မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အက်စတွန်ဗီလာအသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ဝက်စ်ဟမ်းအသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ယခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အက်စတွန်ဗီလာအသင်း နည်းပြအူနိုင်းအမ်မရီက "အသင်းအနေနဲ့ အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။လာမယ့် ပွဲစဉ်တိုင်းကိုလည်း နိုင်ပွဲတွေ ဆက်တိုက်ရရှိအောင် ကြိုးစားသွားမှာပါ။ အသင်းအတွက်လည်း ဆုဖလားတွေ ရယူပေးသွားလိုပါတယ်"ဟု ပြောသည်။

အက်စတွန်ဗီလာအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၁၆ပွဲကစားအပြီးတွင် ရမှတ် ၃၃မှတ်ဖြင့် အဆင့်-၃နေရာတွင် ရပ်တည်ခဲ့သည်။

(အပေါ်ပုံ) (NGB)

## ဘန်ဝိုက်သည် တံကောက်ကြောဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိ

**လန်ဒန် ဒီဇင်ဘာ ၁၇**

အာဆင်နယ်အသင်း နောက်ခံကစားသမား ဘန်ဝိုက်သည် တံကောက်ကြောဒဏ်ရာကြောင့် ကာလရှည် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ နောက်ခံကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းက ဝုဖ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဘန်ဝိုက်သည် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အာဆင်နယ်အသင်း၏ခံစစ်ပိုင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမား ဘန်ဝိုက်သည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပွဲပေါင်း ၁၇၀ ကစားကာ ခြောက်ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။ (အောက်ပုံ) (NGB)



## ဆိုစီဒက်အသင်း၏ နည်းပြ ဆာဂျီယိုဖရန်စစ္စကို ကို ရာထူးမှ ထုတ်ပယ်

**မက်ဒရစ် ဒီဇင်ဘာ ၁၇**

ဆိုစီဒက်အသင်းသည် အသင်းရလဒ်ဆိုးများကြောင့် နည်းပြဆာဂျီယိုဖရန်စစ္စကို ကို နည်းပြရာထူးမှ ထုတ်ပယ်လိုက်ပြီ ဖြစ်သည်။

ဆိုစီဒက်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် စပိန်လာလီဂါပွဲစဉ် ၁၆ပွဲ ကစားအပြီးတွင် ရမှတ် ၁၆ မှတ်ဖြင့် အဆင့် ၁၅ နေရာတွင် ရပ်တည်နေပြီး ရလဒ်များ အလွန်ဆိုးရွားခြင်းကြောင့် ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဆာဂျီယိုဖရန်စစ္စကိုသည် ဆိုစီဒက်အသင်းကို ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၈ ပွဲတွင် ခြောက်ပွဲနိုင်၊ လေးပွဲသရေ၊



ဆိုစီဒက်အသင်း၏ထုတ်ပြန်ချက်တွင် "နည်းပြ ဆာဂျီယိုဖရန်စစ္စကိုကို ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။အသင်းအနေနဲ့ နည်းပြသစ်တစ်ဦးကို အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်ထားသည်။

(အပေါ်ပုံ)

(NGB)

## ရယ်ဂီလွန်ကို အင်တာမိုင်ယာမီအသင်း ခေါ်ယူ

**လန်ဒန် ဒီဇင်ဘာ ၁၇**

အင်တာမိုင်ယာမီအသင်းသည် မန်ယူအသင်းကစားသမား နောက်ခံကစားသမားဟောင်း ရယ်ဂီလွန်အား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် အင်တာမိုင်ယာမီအသင်းနှင့်အတူ နှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

နောက်ခံကစားသမား ရယ်ဂီလွန်သည် ကစားသမားဘဝတစ်လျှောက်တွင် ရီးရဲလ်မက်ဒရစ်၊ စပါး၊ မန်ယူ၊ ဆီဗီလာ၊ ဘာရန်ဖြိုဒ်စသည့်ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် အင်တာမိုင်ယာမီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ ရယ်ဂီလွန်က "ကျွန်တော် အင်တာမိုင်ယာမီအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော့်ကို နွေးထွေးစွာ ကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ အင်တာမိုင်ယာမီအသင်း အောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အောက်ပုံ) (NGB)



## ဂျို့ရှ်ဆာဂျန့်ကို ခေါ်ယူရန် ဝက်စ်ဟမ်းအသင်း စီစဉ်

**လန်ဒန် ဒီဇင်ဘာ ၁၇**

ဝက်စ်ဟမ်းအသင်းသည် နော့ဝ်စ်ချ်အသင်း တိုက်စစ်မှူး ဂျို့ရှ်ဆာဂျန့်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် နော့ဝ်စ်ချ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ



အထိ ပြိုင်ပွဲစုံ ၁၄၉ပွဲကစားပြီး ၅၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

နော့ဝ်စ်ချ်အသင်းကလည်း ဂျို့ရှ်ဆာဂျန့်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ဝက်စ်ဟမ်းအသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် နော့ဝ်စ်ချ်အသင်းထံမှ ဂျို့ရှ်ဆာဂျန့်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## ဘောလုံးသတင်းအတိုအထွာများ

* အာဆင်နယ်အသင်းသည် အေစီမီလန်(B) အသင်းတွင် ကစားနေသည့် ဂိုးသမား လော်ရန်ဇိုတိုရီယာနီကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

* မန်ယူအသင်းသည် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် အသင်းကွင်းလယ်ကစားသမား အူဂါတေးကို ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ချဲလ်ဆီးအသင်းမှထွက်ခွာဖွယ်ရှိသည့် စတာလင်ကို ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် လိဒ်စ်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

(NGB)

## ပက်ဒရိုပေါ်ရိုကို စာချုပ်သက်တမ်းတိုးရန် စပါးအသင်း အလျင်အမြန်စီစဉ်

**လန်ဒန် ဒီဇင်ဘာ ၁၇**

စပါးအသင်းသည် အသင်းနောက်ခံကစားသမား ပက်ဒရိုပေါ်ရိုကို စာချုပ်သက်တမ်းတိုးရန် အလျင်အမြန်စီစဉ်လျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် စပါးအသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

နောက်ခံကစားသမား ပက်ဒရိုပေါ်ရိုသည် စပါးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၉ပွဲကစားကာ ၁၁ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

စပါးအသင်း ထုတ်ပြန်ချက်တွင် "ပက်ဒရိုပေါ်ရိုကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်ထားသည်။

(အောက်ပုံ) (NGB)



## စပိန်ဘုရင့်ဖလား ဘောလုံးပြိုင်ပွဲ(၃၂-သင်းအဆင့်)ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၁၉-၁၂-၂၀၂၅ သောကြာနေ့ | နံနက်၀၀း၃၀နာရီ | ဘာဂိုစ် - ဗီတာဗေး (လာလီဂါ II-၆) (လာလီဂါ-၁၀) | ဗီတာဗေး ၄-၁ ဘာဂိုစ် (၂-၁-၂၀၀၈စပိန်ဘုရင့်ဖလား) |
| ။ | ။ | အိုရန့် - ဘီလ်ဘာအို (ပရီမီယာ RFEF-I-၁၄) (လာလီဂါ-၇) | ——— |
| ။ | နံနက်၀၂း၃၀နာရီ | မာစီယာ - ဘက်တစ် (ပရီမီယာ RFEF-II-၆) (လာလီဂါ-၆) | မာစီယာ ၂-၀ ဘက်တစ် ဘက်တစ် ၁-၁ မာစီယာ |

## ကိုပါအီတာလီယာဖလား ဘောလုံးပြိုင်ပွဲ(ဆီမီးဖိုင်နယ်)ပွဲစဉ် နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၁၉-၁၂-၂၀၂၅ သောကြာနေ့ | နံနက်၀၁း၃၀နာရီ | နာပိုလီ - အေစီမီလန် (စီးရီးအေ-၃) (စီးရီးအေ-၂) | အေစီမီလန် ၂-၁ နာပိုလီ (၂၉-၉-၂၀၂၅စီးရီးအေ) |

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၃)၊ ဦးပိုင်နံပါတ်(၂၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးသွင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံး အခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ထွေးထွေးအောင်(ဘ)ဦးကံဆောင်(၉/မရတ(နိုင်)၀၁၉၆၁၄) မှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဦးကြည်ယံ (LL.M)** အထက်တန်းရှေ့နေ **ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ **ဒေါ်သဲမို့မို့ထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၄)၊ ဦးပိုင်နံပါတ်(၃၅-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဒေါ်စန်းစန်း အမည်ပေါက်ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံ ကတိပြုသူ ဦးအောင်မြင့်ကျော်(ဘ)ဦးခင်မောင်ညွန့်(၉/နထက(နိုင်)၁၆၆၀၆၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဦးကြည်ယံ (LL.M)** အထက်တန်းရှေ့နေ **ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ **ဒေါ်သဲမို့မို့ထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၃)၊ ဦးပိုင်နံပါတ်(၁၂၅)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၃၁)ဧက၊ (ပေ၃၀×၄၅ပေ)အကျယ်အဝန်းရှိ ဦးသန်းရွှေ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း (၁၅ပေ×ပေ၄၅)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်နိုင်ထွန်း(ဘ)ဦးလှဝင်း(၉/မဟမ(နိုင်)၀၅၈၇၀၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၂)၊ ဦးပိုင်နံပါတ်(၆၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဒေါ်ကြိုင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဇာဇာနိုင်(ဘ)ဦးသန်းနိုင်(၁၃/လရန(နိုင်)၁၂၃၄၉၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဦးကြည်ယံ (LL.M)** အထက်တန်းရှေ့နေ **ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ **ဒေါ်သဲမို့မို့ထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## ကြော်ငြာစာ (အိမ်ဖျက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၂)၊ ဦးပိုင်အမှတ်(၇၃-က+၇၃-ခ) မြေကွက်ပေါ်တွင် ဦးမြင့်ကျော် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခမစ(နိုင်)၀၄၄၂၈၃)က RC (၂)ထပ်(ဖျက်မိန့်) အဆောက်အအုံဖျက်သိမ်းခွင့်(အိမ်ဖျက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## အမည်ပြောင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်နေ ဦးစိုးစံလင်း+ဒေါ်ခင်စုသာတို့၏သမီး ပြည်ကြီးတံခွန်မြို့နယ်၊ MIEC ကိုယ်ပိုင်မူလတန်းကျောင်း Grade-3 မှ မခိုင်စံသာအား မမေမိစံဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမေမိစံ**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၅၃)၊ ဦးပိုင်အမှတ်(၃၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်သန်းသန်းဆင့် အမည်ပေါက် ဂရန်မြေကွက်၊ ဦးပိုင်အမှတ်(၃၁)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်နန်းမြထွေး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ ဝင်းခြံအကာအရံ ပေါက်ရောက်သစ်ပင် အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားသူဖြစ်သော ဦးစိုးသိန်း(ဘ)ဦးညွန့်မောင်(၉/အမရ(နိုင်)၀၈၀၅၉၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ညည-၉၂)၊ ဦးပိုင်အမှတ်(၁၂)၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဦးအေးကို(ဘ)ဦးဘိုဦး(၉/မနတ(နိုင်)၀၂၃၄၁၄)အမည်ဖြင့် ချထားရရှိသောမြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀×၄၀)၏ မြောက်ဘက်ခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံ ပေါက်ရောက်သစ်ပင် အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်ညိုညိုဝင်း(ဘ)ဦးသိန်း(၉/မရမ(နိုင်)၀၄၅၇၉၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာရပ်ကွက်ရှိ အကွက်အမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(က/၂၇၅-က)ဟု ခေါ်တွင်သော ဧရိယာ (၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးမြစိုး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်အဆောက်အအုံ (ရေမီးအစုံ)၊ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးရဲသူဟန်(ဘ)ဦးသံချောင်း(၉/ခအစ(နိုင်)၀၁၂၈၈၆)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်မြတ်ဆုမွန် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ**

မြို့မရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၇၇၉၈၃၅၇၊ ၀၉-၂၅၉၀၉၀၄၃၀

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဘ-၃)၊ ဦးပိုင်အမှတ်(၇၅) မြေကွက်သည် ဒေါ်ဟန် အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲရှိ အနောက်ဘက်ခြမ်း (၁၅ပေ×ပေ၃၀) အကျယ်အဝန်းရှိသော မြေနှင့် အိမ်၊ ရေတိုင်၊ လျှပ်စစ်မီတာ အပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဦးသန့်ဇင်ကိုကိုထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**

**တတ-၄၆/၁၆၊ ၅၇-စီလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈**

### (၅-၁၂-၂၀၂၅)နေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ(၂၀)ပါ ဒေါ်ညွန့်ညွန့်ရီ(ခ)ဒေါ်လှလှမော်နှင့် အများသိစေရန် လွှဲအပ်ညွှန်ကြားသူ ဒေါ်နန်းအေး(ဘ)ဦးအောင်သန်း(၉/ပသက(နိုင်)၁၄၂၄၆၂)၏ ကြေညာချက်အပေါ် ရှင်းလင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ရွှေစာရံကျေးရွာနေ ဒေါ်ညွန့်ညွန့်ရီ(ခ)ဒေါ်လှလှမော်(ဘ)ဦးကျော်သိန်း(၉/ပသက(နိုင်)(၀၂၅၁၅၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ရှင်းလင်းကြေညာလိုက်သည်။

ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာတွင် တည်ရှိသော ဒေါ်နန်းအေး၏ ကြေညာချက်တွင် ဖော်ပြပါရှိသည့် မြေကွက်သည် ဒေါ်ညွန့်ညွန့်ရီ(ခ)ဒေါ်လှလှမော်မှ ဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်အတွင်း ဒေါ်ညွန့်ညွန့်ရီ(ခ) ဒေါ်လှလှမော်၏ အစ်ကိုအရင်းချာတော်စပ်သူ ဦးအောင်သန်းအား နေထိုင်ရန် အခက်အခဲကို ကူညီစောင့်ရှောက်သောအားဖြင့် အခမဲ့နေထိုင်ခွင့်ပြုထားခြင်းဖြစ်ပါသည်။ ဒေါ်နန်းအေးသည် ဦးအောင်သန်း၏ သမီးဖြစ်ပြီး ဦးအောင်သန်းအား အကြောင်းပြု၍ ရောက်ရှိနေထိုင်သူဖြစ်ကြောင်း သိရှိရပါသည်။ ဒေါ်နန်းအေးအနေဖြင့် ဥပဒေနှင့်အညီ မိမိပိုင်ဆိုင်ခြင်းမရှိသော မြေကွက်အား ပိုင်ရှင်သဖွယ် ဆောင်ရွက်မှုများ ဆောင်ရွက်လာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ သက်ဆိုင်ရာအစိုးရရုံးဌာနအသီးသီးတွင် ကြိုတင်ကန့်ကွက်စာများ တင်သွင်းခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အစ်ကိုဖြစ်သူ ဦးအောင်သန်းအား အခမဲ့နေထိုင် ခွင့်ပြုထားခြင်းအပေါ် အကြောင်းပြု၍ အဆိုပါမြေကွက်တွင် ရောက်ရှိနေထိုင်သူများ အားလုံးအပေါ် အခမဲ့နေထိုင်ခွင့်အား ရုတ်သိမ်းကြောင်း ဤကြေညာဖြင့် အသိပေးကြေညာလိုက်သည်။ ဤကြေညာစာပါရှိသည့် ရက်မှစ၍ ဦးအောင်သန်းအား အကြောင်းပြုနေထိုင်သူများအားလုံး မိမိတို့နှင့်သက်ဆိုင်သော ပစ္စည်းအရပ်ရပ်အား ဖျက်သိမ်းဖယ်ရှား၍ မြေကွက်အား ပိုင်ရှင်ဖြစ်သူ ဒေါ်ညွန့်ညွန့်ရီ(ခ)ဒေါ်လှလှမော်ထံသို့ လာရောက် ပြန်လည်ပေးအပ်ရန် အသိပေး တောင်းဆိုကြေညာလိုက်သည်။

ဒေါ်နန်းအေး၏ ကြေညာချက်တွင် ဒေါ်ညွန့်ညွန့်ရီ(ခ)ဒေါ်လှလှမော်အပေါ် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဟု အဆိုပြုထားခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ညွန့်ညွန့်ရီ(ခ)ဒေါ်လှလှမော်မှ ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း ဒေါ်နန်းအေး(ဘ)ဦးအောင်သန်းနှင့် အများသိစေရန် ရှင်းလင်းကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ –**
**ဒေါ်ညွန့်ညွန့်ရီ(ခ)**
**ဒေါ်လှလှမော်**
**(ဘ) ဦးကျော်သိန်း**
**(၉/ပသက(နိုင်)၀၂၅၁၅၆)**

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးထွန်းလင်းဇော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၇၈၄/ ၂၁–၁၂–၂၀၂၀)**
**ညည–၃၀၊ အိမ်အမှတ်(၅၂/ခ)၊ သင်ပန်းကုန်းရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၀၂၅၂၉၉၇၁၊ ၀၉–၇၅၄၉၇၉၅၆၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ ကွင်းအမှတ်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်(စ/၁၂၁)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧက၊ အကျယ်အဝန်းရှိ ဦးစောအောင် အမည်ပေါက် ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ခင်မို့မို့ဝင်း(ဘ)ဦးသန်းဝင်း(၉/ပသက(နိုင်)၁၁၂၇၂၇)၊ ဒေါ်လွှင်မို့မို့ဝင်း(ဘ)ဦးသန်းဝင်း(၉/ပသက(နိုင်)၁၁၂၇၂၈) ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမြင့်သူ (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။**
**ဖုန်း–၀၉–၄၃၀၁၁၁၆၈**

## အများသိစေရန် အသိပေး ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (ထထ-၆)၊ ဦးပိုင်အမှတ်(၃၃+၄၈)၊ ဧရိယာ (၀ ဒသမ ၀၅၅၁+ ၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ဝင်းရွှေ အမည်ပေါက် ဂရန်မြေကွက်များကို အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးထွန်းထွန်းဝင်း(ဘ)ဦးတင်လင်း(၉/တတဥ(နိုင်)၀၇၆၇၉၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်သူဇာဝင်း (LL.B , LL.M , D.B.L , D.I.L)**
**ဒေါ်ခင်သူဇာဝင်း (LL.B , D.B.L)**
**ဒေါ်မြတ်မဥ္ဇူမွန် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေများ**
**ဆဆ–၃ /၄ ၊ ၅၇လမ်းနှင့် ၅၈လမ်းကြား ၊ ၁၀၆လမ်း ၊ ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ် ၊ မန္တလေးမြို့ ။ ဖုန်း ၀၉–၂၅၉၁၉၈၄၈၇ ၊ ၀၉–၆၆၉၀၂၃၈၃၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ချမ်းမြသာစည်မြို့နယ်၊အောင်သာယာရပ်ကွက်၊အကွက်အမှတ်(ဘဘ-၁၇)၊ဦးပိုင်နံပါတ်(၈၆)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဦးအေးဝင်းနှင့် ဒေါ်ဇာနည်ဝင်းတို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့်မြေကွက်၏ အနောက်ဘက်အစွန်ဆုံးအခြမ်း(၁၀ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ညွန့်ညွန့်ဝေ(ဘ)ဦးကျော်သောင်း(၉/မရတ(နိုင်)၁၃၁၃၅၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ချမ်းမြသာစည်မြို့နယ်၊အောင်သာယာရပ်ကွက်၊အကွက်အမှတ်(ဗဗ-၁၀)၊ဦးပိုင်နံပါတ်(၇၇M ၁/၂)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၀၉၂)ဧက အကျယ်အဝန်းရှိ ဒေါ်တင်ညွန့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့်မြေကွက်၊ ဦးပိုင်နံပါတ် (၇၇S ၁/၂) ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၀၉၂)ဧက အကျယ်အဝန်းရှိ ဦးမော်စီ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ကာလ်ပနား(ခ)ဒေါ်ခင်သန်းရီ(ဘ)ဦးဂျေဘီချတ္တရီး(၁၃/လရန(နိုင်)၀၈၇၅၆၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၃၂)၊ ဦးပိုင်နံပါတ်(၇+၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅+ ၀ ဒသမ ၀၄)ဧက အကျယ်အဝန်းရှိ ဦးကိုလေးနှင့် ဒေါ်ခင်အေးတို့ ပူးတွဲအမည်ပေါက် ဘိုးဘပိုင်မြေကွက်၏ တောင်ဘက်ခြမ်း ခဲစင်းပြမြေဧရိယာ (၀ ဒသမ ၀၂၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးထွန်းကျော်(ဘ) ဦးညွန့်လှိုင်(၅/တဆန(နိုင်)၁၀၉၉၆၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင်(LL.M)** တရားလွှတ်တော်ရှေ့နေ **ဦးဝေဖြိုးသူ (LL.B)** အထက်တန်းရှေ့နေ **ဦးဖြိုးသာခန့် (LL.B)** အထက်တန်းရှေ့နေ **ဒေါ်ကောင်းစုဝမ်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၄)၊ ဦးပိုင်နံပါတ်(၄၁)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဒေါ်ခင်သီတာစိုး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့်ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ချိုချိုဝင်း(ဘ)ဦးလုံလီရှော(၁၃/နခန(နိုင်)၁၄၈၃၂၉)[၎င်း၏ကိုယ်စား ဒေါ်ပန်းအိစံ(ဘ)ဦးကျော်လွင်(၉/နထက(နိုင်)၁၅၀၂၁၆)] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင်(LL.M)** တရားလွှတ်တော်ရှေ့နေ **ဦးကြည်ယံ (LL.M)** အထက်တန်းရှေ့နေ **ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ **ဒေါ်သဲမို့မို့ထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

## ပြင်ဆင်ဖတ်ရှုပါရန်

၆-၁၂-၂၀၂၅ရက် မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ-၁၇၊ အကွက်(ဓဓ-၂၄)၊ ဦးပိုင်(၁၅-ခဲစင်းအရှေ့ခြမ်း)၏ ကြော်ငြာစာတွင် ၄၇လမ်းနှင့်၄၈လမ်းကြား၊ ၁၀၈လမ်းနှင့်၁၀၉လမ်းကြားအစား ၅၄လမ်းနှင့်၅၅လမ်းကြား၊ ၁၀၉လမ်းနှင့်၁၁၀လမ်းကြားဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၃၁-၁၀-၂၀၂၅ ရက် မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ-၂၂ ကြော်ငြာစာ(အိမ်ဆောက်မိန့်)တွင် မှတ်ပုံတင်အမှတ်(၁၂/သဃက(နိုင်)၀၀၆၉၄၇)အစား (၁၂/သဃက(နိုင်)၀၀၆၉၄၉)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရွှေတောင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 မှ မနှင်းကဗျာ၏ မိဘအမည်မှန်မှာ ဦးပိုသန်းနှင့် ဒေါ်စန်းရွှေ ဖြစ်ပါကြောင်း။

ဦးပိုသန်း(၅/ဘတလ(နိုင်)၀၀၄၀၀၉)
ဒေါ်စန်းရွှေ(၅/ဘတလ(နိုင်)၀၃၇၃၁၅)

## ဝန်ထမ်းအလိုရှိသည်

၁။ လက်ထောက်အုပ်ချုပ်ရေးမှူး(ကျား) - ၁ ဦး
၂။ ကွန်ပျူတာစာရေး(ကျား) - ၂ ဦး
၃။ အထွေထွေဝန်ထမ်း(ကျား) - ၃ ဦး

အမှတ်စဉ်(၁)ရာထူးအတွက် အသက်(၄၀)မှ (၅၅)နှစ်အတွင်းဖြစ်ရမည်။ ဘွဲ့ရဖြစ်ရမည်။ ရုံးလုပ်ငန်းနှင့် ငွေစာရင်းပိုင်းအတွေ့အကြုံရှိရမည်။

အမှတ်စဉ်(၂)ရာထူးအတွက် အသက်(၂၀)မှ (၄၀)နှစ်အတွင်းဖြစ်ရမည်။ ကွန်ပျူတာကျွမ်းကျင်ရမည်။ အနည်းဆုံးပညာအရည်အချင်း အခြေခံပညာ အထက်တန်းအောင်မြင်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

အမှတ်စဉ်(၃)ရာထူးအတွက် အသက်(၂၀)မှ (၅၀)နှစ်အတွင်းဖြစ်ရမည်။ အနည်းဆုံးပညာအရည်အချင်း အခြေခံပညာအလယ်တန်းအောင်မြင်ရမည်။

အမှတ်စဉ်အားလုံးအတွက် မန္တလေးမြို့တွင် နေထိုင်သူဦးစားပေးမည်။ (သာသနာရေးအသင်းအဖွဲ့ဖြစ်သည့်အတွက် အရက်သေစာသောက်စားသူများ မဖြစ်စေရ။)

လျှောက်ထားလိုသူများ သက်ဆိုင်ရာစာရွက်စာတမ်း၊ အထောက်အထားများနှင့်အတူ (၃၁-၁၂-၂၀၂၅)ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း လျှောက်ထားနိုင်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ပရိယတ္တိသာသနဟိတအသင်း**
**၈၅လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၉၀၀၄၄၁၊ ၀၉-၇၈၀၁၇၀၉၂၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၉)၊ ဦးပိုင်အမှတ်(၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးမျိုးမင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံ၊ ပေါက်ရောက်သစ်ပင်အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားသူဖြစ်သော ဦးမောင်မှတ်(ဘ)ဦးမောင်ငင်း(၉/မကန(နိုင်)၀၂၅၃၉၇)၊ အမ်ကျီကေ-၀၅၄၅၇၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်တင်နီလာဝင်း တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/ ၂၊ ၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊**
**(က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊**
**၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၈)၊ ဦးပိုင်အမှတ်(၁၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးနေဝင်းအောင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံပေါက်ရောက်သစ်ပင်အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားသူဖြစ်သော ဦးမောင်ကျော်(ခ)ဟာဆန်(ဘ)ဦးဇက်အာဟာဒင်(၁၂/ပဘတ(နိုင်)၀၂၇၈၅၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်တင်နီလာဝင်း တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/ ၂၊ ၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊**
**(က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊**
**၀၉-၉၄၄၉၇၂၃၃၃**

## အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ EVER TOP 2 ကိုယ်ပိုင်မူလတန်းကျောင်း၊ Grade-3 တွင် ပညာသင်ကြားနေသော(ဘ)ဦးအောင်မျိုးဦး၏ သား မောင်ဝဏ္ဏမင်းဦး၏ အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ မောင်ဝဏ္ဏဦးဖြစ်ပါကြောင်း။

**မောင်ဝဏ္ဏဦး**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင်ပညာရေးအထက်တန်းကျောင်း Grade-11(C)မှ မဖူးဖူးငယ်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးဇော်မင်းခိုင်ဖြစ်ပါကြောင်း။

**ဦးဇော်မင်းခိုင်(၉/တတဥ(နိုင်)၀၈၇၁၄၈)**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁၁)၊ ဦးပိုင်အမှတ်(၇၆)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ တပ်သား ဖေသန်းအမည်ပေါက် ဂရန်မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်တိုက်၊ မီးမီတာ အပါအဝင် နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်၊ နိုတြီကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ကာ ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုပြု ရောင်းချသူ ဦးသန့်ဇင်ဝင်း(ဘ)ဦးသိန်းထွန်း(၉/ခအဇ(နိုင်)၀၃၅၁၄၈)မှ ကျွန်ုပ်တို့၏ မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏ မိတ်ဆွေကလည်း ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကိုလတ်(LL.B) ဒေါ်ဝါဝါကို(LL.B) ဦးအောင်နိုင်ထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**၃၈လမ်း၊ ၇၈လမ်းနှင့် ၇၉လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၃၄၄၄၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၅)၊ ဦးပိုင်အမှတ်(၆၃-က)၊ မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးကျော်ရှင်အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လျှပ်စစ်မီတာ၊ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်၊ နိုတြီကိုယ်စားလှယ်လွှဲစာတို့ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ကာ ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဦးအောင်ကျော်စိုး(ဘ)ဦးမြစိုး(၉/သစန(နိုင်)၀၂၉၄၄၂)မှ ကျွန်ုပ်တို့၏ မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏ မိတ်ဆွေကလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်နိုင်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၈၄လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၈၃၆၈၁၆၈၂**

## မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ငင-၉)၊ ဦးပိုင်အမှတ်(၅၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိသော တသ သိန်းဇော်ထွန်းအမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ဧရိယာ(၃၀×၄၀)ပေ အကျယ်အဝန်းရှိသော ဂရန်မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်)သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဒေါ်ဝါဝါခင်(ဘ)ဦးသောင်းမြင့်(၉/မနမ(နိုင်)၀၅၉၃၁၉)၊ (၂)ဦးနေဝင်း(ဘ)ဦးတင်သန်း(၈/ရစက(နိုင်)၀၆၅၀၀၀)၊ (၃)ဒေါ်သန်းသန်းတင့်(ဘ)ဦးတင်သန်း(၉/မနတ(နိုင်)၀၈၀၉၄၄)၊ (၄)ဦးဝင်းနိုင်(ဘ)ဦးတင်သန်း(၉/တသန(နိုင်)၀၄၄၉၃၃)၊ (၅)ဦးခင်မောင်လှ(ဘ)ဦးတင်သန်း(၉/တသန(နိုင်)၀၆၈၂၇၄)၊ (၆)ဒေါ်ဝင်းဝင်းဌေး(ဘ)ဦးတင်သန်း(၉/တသန(နိုင်)၀၆၈၂၇၆)၊ (၇)ဒေါ်ကြူကြူမာ(ဘ)ဦးတင်သန်း(၉/တသန(နိုင်)၀၆၈၂၇၅)၊ (၈)ဒေါ်အေးအေးမာ(ဘ)ဦးတင်သန်း(၉/တသန(နိုင်)၀၆၈၂၇၇)၊ (၉)ဒေါ်ရီရီလေး(ဘ)ဦးတင်သန်း(၉/ခမစ(နိုင်)၀၀၀၀၈၁)၊ (၁၀)ဒေါ်အေးမြတ်စိုးမော်(ဘ)ဦးတင်သန်း(၉/ခမစ(နိုင်)၀၀၀၀၈၀)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ**
**ဒေါ်ခင်နီနီစိုး (LL.B) (တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office-အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် ၂၀လမ်းကြား၊ မန္တလေးမြို့။**
**ဖုန်း** 02-4068839, 09-2006029, 09-792006029, 09-692006029
ladylawyer. khinninisoe@gmail.com

## ဦးမင်းမင်းသန့်(ဘ)ဦးကျော်စိန်(၉/မဟမ(နိုင်)၀၀၈၇၁၅)နှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၌နေထိုင်သူ ဦးမင်းမင်းသန့်အား(၇-၇-၂၀၂၂)ရက်တွင် ဒုအရာခံဗိုလ်(အငြိမ်းစား) ဦးမြသန်း၊ ကိုယ်ပိုင်အမှတ်-၅၄၈၉၄၃၊ နိုင်ငံသားကတ်အမှတ်-၉/ပသက(နိုင်)၀၀၅၄၅၀ က မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်-၆၁၇၉/၂၀၂၂ ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာကို လွှဲအပ်ခဲ့ပါသည်။

ထိုသို့ လွှဲအပ်တာဝန်ပေးခြင်းမှာ မန္တလေးတိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ (၇-၉-၁၉၉၁)ရက်နေ့တွင် ကျွန်တော်နေထိုင်ရန်ချထားပေးခဲ့သော ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၉)၊ ဦးပိုင်အမှတ်(၁၇)၊ ဧရိယာ(၄၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်ကို ကျွန်တော့်လက်ဝယ်သို့ တရားဥပဒေနှင့်အညီ ပြန်လည်ရရှိရေးအတွက် ဆောင်ရွက်ပေးပါရန် လွှဲအပ်ခဲ့ခြင်းဖြစ်ပါသည်။

သို့သော် ကျွန်တော်လွှဲအပ်ထားသူ ဦးမင်းမင်းသန့်သည် (၆-၂-၂၀၂၄)ရက်မှစ၍ ယနေ့အထိ (၂၂)လကျော် ဆောင်ရွက်ပေးရန် ပျက်ကွက်ခဲ့သည့်အတွက် လွှဲအပ်ပေးသူ ကျွန်တော် ဦးမြသန်းမှာ များစွာနစ်နာခဲ့ရပါသည်။

ထို့ကြောင့် ယနေ့မှစ၍ ကျွန်တော် ဒုအရာခံဗိုလ် မြသန်း(ငြိမ်း)မှ ဦးမင်းမင်းသန့်အား မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ လွှဲအပ်ထားသော (၇-၇-၂၀၂၂)ရက်စွဲပါ စာချုပ်အမှတ်(၆၁၇၉/၂၀၂၂)ဖြင့် လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာနှင့် (၁-၁၁-၂၀၂၃)ရက်တွင် ချုပ်ဆိုခဲ့သော အမှုကိစ္စအကျိုးဆောင်ခသဘောတူစာချုပ်ကို ယနေ့မှစ၍ အပြီးအပိုင် ရုပ်သိမ်းပယ်ဖျက်လိုက်ပါသည်။

ဤရုပ်သိမ်းမှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်၏အထူးကိုယ်စားလှယ်လွှဲအပ်ထားသူ ဦးစိန်လှ(၉/ခမစ(နိုင်)၀၀၇၆၃၀)ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း ဦးမင်းမင်းသန့်(၉/မဟမ(နိုင်)၀၀၈၇၁၅)နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိန်လှ**
**(ဒုအရာခံဗိုလ် မြသန်း(ငြိမ်း)၏ အထူးကိုယ်စားလှယ်စာရရှိသူ**
**ဖုန်း ၀၉-၄၃၀၁၁၆၀၄၊ ငင-၁၊ ၂၆၊ ၂၉၊ ကံသာယာရပ်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

❖ မျက်မှောက်ခေတ်တိုင်အောင် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ပိုင်ဆိုင်ခွင့်ရရှိနေသည်မှာ မြန်မာ့သမိုင်းစဉ်တစ်လျှောက် ဖြတ်သန်းလာခဲ့ကြသည့် မိမိတို့၏ မြန်မာ့ဘိုးစဉ်ဘောင်ဆက်များက ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပြီး လက်ဆင့်ကမ်းခဲ့ကြသည့် ကျေးဇူးများကြောင့်ပင်ဖြစ်...

❖ ရှေးအစဉ်အလာကောင်းများကို အတုယူပြီး မြန်မာတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုအရင်းအမြစ်များ၊ တန်ဖိုးထားမှုစံနှုန်းများ မှေးမှိန်ကျဆင်းမသွားအောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်မှာ မိမိတို့ အမွေခံမျိုးဆက်သစ်များ၏ အမျိုးသားရေးတာဝန်နှင့် ဝတ္တရားပင်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ပြုလုပ်သော (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၁၇

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်နှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၅ သို့ ◆



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား ရင်းရင်းနှီးနှီး လိုက်လံမေးမြန်းအားပေးစကားပြောကြားစဉ်။

# ဘက်ထရီလျှပ်စစ်စက်ခေါင်းအသုံးပြုပြီး မန္တလေး-လားရှိုးလမ်းပိုင်းရှိ ပြင်ဦးလွင်-ဇီးပင်ကြီး-ပြင်ဦးလွင် ရထားခရီးစဉ်နှင့် RBE ရထားဖြင့် ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင် ခရီးစဉ်စတင်ပြေးဆွဲပေးမည်

နေပြည်တော် ဒီဇင်ဘာ ၁၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့် ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိရာ မန္တလေး-လားရှိုး လမ်းပိုင်းရှိ ဇီးပင်ကြီး-ပြင်ဦးလွင်-ဂုတ်ထိပ် လမ်းပိုင်းတွင် ပြည်တွင်းမှ ခရီးသွားလာမည့်ပြည်သူများ၊ နိုင်ငံခြားသား ခရီးသွားလာသူများအား

စာမျက်နှာ ၇ သို့ ❖




# ပညာရေးဝန်ကြီးဌာန
# အဆင့်မြင့်ပညာဦးစီးဌာန ပထမနှစ် အဝေးသင် သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ပထမနှစ် အဝေးသင် သင်တန်းဝင်ခွင့်ရရှိသူများစာရင်းကို ၁၇-၁၂-၂၀၂၅ ရက်နေ့မှစတင်၍ သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန website: www.moe.gov.mm နှင့် အဆင့်မြင့်ပညာဦးစီးဌာန website: www.dhe.gov.mm တို့တွင်လည်းကောင်း ကြေညာထားမည်ဖြစ်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန

# ၂၀၂၅ ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဖိလစ်ပိုင်အသင်း ရွှေတံဆိပ်ဆု ပထမဆုံးအကြိမ်ဆွတ်ခူး

ချောင်ဘူရီ ဒီဇင်ဘာ ၁၇

၂၀၂၅ ဆီးဂိမ်းအမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ဖိလစ်ပိုင်အသင်းက ရွှေတံဆိပ်ဆုကို ပထမဆုံးအကြိမ် ဆွတ်ခူးခဲ့သည်။

ဖိလစ်ပိုင်အသင်းသည် ၂၀၂၅ ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဗီယက်နမ်အသင်းကို ပင်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရရှိကာ ရွှေတံဆိပ်ဆုအား ပထမဆုံးအကြိမ် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ (NGB)